# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ စနေနေ့၊ (29-4-2006) (၄၉၄၂)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြန်မာနိုင်ငံ ICT စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်များ(မူကြမ်း) ရေးဆွဲပြီးစီး အစိုးရဌာနများ၏ ကွန်ပျူတာသုံး စီမံခန့်ခွဲရေးအခြေခံစနစ်များကို တည်ဆောက်ပြုစုလျက်ရှိ ကမ္ဘာ့အဆင့်အတန်းမီ Cyber City တစ်ခုကို မြို့တစ်မြို့၏အင်္ဂါရပ်များနှင့်အညီ တည်ဆောက်မည်

ရန်ကုန် ဧပြီ ၂၈

**မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ (The Fifth Myanmar ICT Week - 2006 ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ကော်ပိုရေးရှင်းလီမိတက် (Myanmar Info -Tech Corporation Ltd.) အဆောက်အအုံ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်မြင့်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ Myanmar Info-Tech Corporation Ltd. ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက Bio Matric စနစ်သုံး၍ ပဉ္စမအကြိမ်မြောက် **စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Bio Matric စနစ်သုံး၍ ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## အ င် တာ န က် သ တ င်း

စပါးခွံကဲ့သို့သော အရာဝတ္ထုများ၏ အက်တမ် တည်ဆောက်ပုံကို သိပ္ပံနည်းကျလေ့လာနိုင်သော စက်ကိရိယာတစ်မျိုးကို တွေ့ရစဉ်။ (အင်တာနက်)

### ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှုဒဏ်ခံနိုင်သော စပါးမျိုးများ နိုင်ငံတကာသုတေသီများ တီထွင်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေ

**လော့စ်ဘာနို့စ် ဧပြီ ၂၅**

သိပ္ပံပညာရှင်များသည် ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှုတို့ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိမည့် ဆန်စပါးမျိုးသစ်များကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာရှတိုက်၏ အခြေခံအကျဆုံး စားနပ်ရိက္ခာဖြစ်သည့် ဆန်စပါးထုတ်လုပ်မှု ထိခိုက်ရခြင်းမရှိစေရေးအတွက် သဘာဝဘေးဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးသစ်များ ပေါ်ထွန်းလာရန် လိုအပ်ကြောင်း ဧပြီ ၂၅ ရက် အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳**

### မြင်းမူမြို့၏မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဧပြီ ၂၈

**၂၀၀၆ခုနှစ် ဧပြီလ ၂၈ရက်နေ့ နံနက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲအချိန်တွင် မြင်းမူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၇၁ မီလီမီတာ(၂ဒသမ ၈၀)လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၄ နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၅၀ မီလီမီတာ(၁ ဒသမ ၉၇)လက်မဖြစ်ပြီး ၁၉၉၉ ခုနှစ် ဧပြီလ ၁၉ရက်နေ့တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၉-၄-၂၀၀၆
(စနေနေ့)

# ပြည်တွင်းပြည်ပအဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ် ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် တွန်းလှန်ချေမှုန်း

မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ်သည် လူ့အခွင့်အရေးကို တိုးမြှင့်ဖော်ဆောင်ပေးနေသည့်ခေတ်ဖြစ်သည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်မှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝနီးပါး ရရှိနေသည်။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများ အားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထား စီမံဖြည့်ဆည်းပေးလျက်ရှိရာ ပညာရေး၊ ကျန်းမာရေးအပါအဝင် ဘက်စုံကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်နေသော ကာလဖြစ်သည်။

နိုင်ငံတော်တွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ၊ ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် အလားအလာကောင်းများ ရရှိဖြစ်ထွန်းလာမှုနှင့်အတူ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ကြေညာပြီး အမျိုးသားညီလာခံကို ကျင်းပလျက်ရှိနေသည်။

ယင်းသို့ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများဖြစ်ထွန်းပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ဖော်ဆောင်နေချိန်တွင် ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားများက မြန်မာနိုင်ငံ၏ တည်ငြိမ်မှု ပျက်ပြားစေရန်နှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)ကို ဧပြီလ ၂၆ ရက်နေ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စွမ်းဆောင်အောင်မြင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံရေးကိစ္စကိုဗန်းပြပြီး မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှု အပါအဝင် အစလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ်လှည့်စား ကျူးလွန်နေခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဖြစ်စဉ်ဖြစ်ရပ် ခိုင်ခိုင်လုံလုံဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

ယနေ့ကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၌ ပါဝင်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။ အမျိုးသားညီလာခံတွင် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များနှင့် အရွေးချယ်ခံကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော် တက်ရောက် ဆွေးနွေးလျက်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီဖြစ်ထွန်းရေးကို လိုလားပါသည်ဆိုသော NLD နှင့် ၎င်း၏ဩဇာခံ ရှမ်းတိုင်းရင်းသား များ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့ကမူ အမျိုးသားညီလာခံသို့ တက်ရောက်မှုမရှိကြောင်း တွေ့ရသည်။

ထို့အပြင် NLD က နိုင်ငံတော်အစိုးရနှင့် တွေ့ဆုံဆွေးနွေးရေးကိုသာ တောင်းဆိုနေသည်။ အမျိုးသားညီလာခံ၏ ဆွေးနွေးမှုသည် ပါတီတစ်ရပ်၊ လူမျိုးတစ်မျိုးထက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားများနှင့် နိုင်ငံရေး အနှစ်သာရရှိသည့် ဆွေးနွေးမှုဖြစ်သည့်အတွက် လက်တစ်ဆုပ်စာ လူတစ်စုနှင့် ဆွေးနွေးရေးထက် ပိုမိုကျယ်ပြန့်ကြောင်း တွေ့ရှိရသည်။

NLD အနေဖြင့် တိုင်းပြည်နှင့်လူမျိုးကို မည်သို့မျှ အကျိုးမပြုနိုင်သည့် မှားယွင်းသော ဝါဒများနှင့် မှားယွင်းသည့် လုပ်ဆောင်မှုများကိုသာ တစိုက်မတ်မတ်လုပ်ဆောင်နေသည့်အပြင် ပြည်ပြေးအဖွဲ့များ၊ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမား အဖွဲ့များနှင့်လည်း ဆက်စပ်ပတ်သက်နေကြောင်း အထောက်အထားများရရှိထားကြောင်း သိရှိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးသည် ခိုင်မာမြဲမြံသော စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပြည်တွင်း ပြည်ပအကြမ်းဖက် အဖျက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆက်လက်ကြိုးပမ်းသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကျိုင်းတုံမြို့ရှိ လုပ်ငန်းဆိုင်ရာများဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက် ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ လုပ်ငန်းတာဝန်ခံများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၂၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့ရှိ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျိုင်းတုံမြို့ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ) တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကြိုဆို

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ရောက်ရှိကြရာ ပြည်နယ်ဦးစီးမှူး ဦးစိုးစိုး၊ အကြံပေးအရာရှိ ဒေါ်နန်းနွတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရုပ်မြင်သံကြားပြခန်း၌ နံရံကပ်စာစောင်ပြခန်း၊ ပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာကြည့်တိုက်ခန်းမ၌ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ လုပ်ငန်းတာဝန်ခံများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

## ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးက ပဏာမ ရှင်းလင်းတင်ပြပြီး ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်နှင့် တာချီလိတ်ခရိုင်တို့မှ ခရိုင်ဦးစီးမှူးများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြ ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လွယ်မွေ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်က ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ ထုတ်လွှင့်ပေးနိုင်မှု အခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ တိုးတက်ထုတ်လွှင့်ပေးနိုင်မည့် အစီအစဉ်နှင့် ထပ်ဆင့်လွှင့်စက်ရုံများ ထိန်းသိမ်းစောင့်ရှောက်ထားမှု အခြေအနေများကိုလည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)မှ စာတည်းတာဝန်ခံ ဦးတင်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများ ရိုက်နှိပ်ဖြန့်ချိပေးနေမှု အခြေအနေ၊ သတင်းစာစောင်ရေ တိုးတက်ထုတ်လုပ်ဖြန့်ချိနိုင်မည့် အခြေအနေများကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးစီးအရာရှိ ဦးစောနိုင်က မော်ကွန်းရုပ်ရှင်ကားများ နှစ်စဉ် တိုးတက်ပြသပေးနိုင်မှုအခြေအနေနှင့် ပြည်နယ်အတွင်းရှိ ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုလုပ်ငန်း အခြေအနေတို့ကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်သူများ ဗဟုသုတတိုးပွားရေးနှင့်နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ကြရေးအတွက် ပြန်ကြားရေး လုပ်ငန်းများဖြစ်သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် ရုပ်ရှင်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပြသဖြန့်ချိနိုင်ရေး၊ ပြည်သူများအား ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာ အလွယ်တကူဖတ်ရှု၊ ကြည့်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေး မှာကြားသည်။

## ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အဖွဲ့ဝင်များနှင့်အတူ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက် (ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ကိုယ်ပွားသတင်းစာတိုက်ရှိ Shinohara-66 ရွက်ထိုး off-set နှစ်လုံးဖြင့် ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများပုံနှိပ် ထုတ်လုပ်မှု အခြေအနေများကို လှည့်လည် ရှင်းလင်းပြသကြသည်။

## မှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) အဆောက်အအုံ၊ စက္ကူသိုလှောင်ရုံနှင့် စက်ရုံပတ်ဝန်းကျင် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ပွားသတင်းစာတိုက်ရှိ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအခါတွင် နိုင်ငံတော်ကြီးကို နိုင်ငံတကာတိုးတက် ဖွံ့ဖြိုးမှုများနှင့်အညီ ဖွံ့ဖြိုးတိုးတက်

**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

စေရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အား သုံးရပ်၏ ပေါင်းစည်းညီညွတ်သည့် စွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာတွင် ပြည်သူထဲမှ ပေါက်ဖွားလာသည့် အင်အားစုတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည်လည်း တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးတွေ့မြင်နေကြရမှာဖြစ်ကြောင်း။

**ဂုဏ်ယူအသိအမှတ်ပြု**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် ယခုဆိုလျှင် သက်တမ်း (၁၅) နှစ် ပြည့်ပြီးဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ထိထိရောက်ရောက် အောင်မြင်စွာနှင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်ရသည်ကိုတွေ့ရှိရကြောင်း၊ လုပ်ငန်းများ အနေနှင့်လည်း ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် လုပ်ငန်းနယ်ပယ် လေးခုတွင် အဓိကထား ဆောင်ရွက်လျက်ရှိပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာဖြန့်ကြက်ဆောင်ရွက် အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးအနေနှင့် မိခင်နှင့် ကလေးများကို အဓိကထား ဗဟိုပြုပြီး မိသားစုကို အခြေခံသည့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကတစ်ဆင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုလျက် ကြိုးပမ်းမည့် စီမံချက်ကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံအတွင်း ကျေးလက်နေ ပြည်သူလူထုအထိ ပျံ့နှံ့စိမ့်ဝင် ကူညီဆောင်ရွက်လျက်ရှိသည့် အဓိကလူမှုရေး အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ မီးသတ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ၏ အောက်ခြေအထိ အဆင့်ဆင့်ဖွဲ့စည်းထားသည့် အင်အားများကို အသုံးပြုပြီး ပြည်သူလူထုအတွင်း ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများ၊ ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအားလုံး ပျံ့နှံ့ရောက်ရှိ နိုင်ရေးအတွက် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အပါအဝင် လူမှုရေးအသင်းအဖွဲ့များ၏ အင်အားကို စနစ်တကျ ထိရောက်စွာ အသုံးပြုပြီး ပြည်သူလူထုအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအားလုံးကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုကြားတွင် ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူများ တိုးမြင့်လာခြင်း၊ ကျန်းမာရေး ဗဟုသုတများ ပြည့်ဝလာခြင်း၊ ပြည်သူလူထု၏ ကျန်းမာရေးပြဿနာများကို စောစောစီးစီးရှာဖွေဖော်ထုတ်နိုင်ခြင်း၊ စနစ်တကျ အချိန်မီဆေးဝါးကုသမှုပေးနိုင်ခြင်း၊ လွှဲပြောင်းကုသပေးခြင်းတို့ကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ရည်ရွယ်ချက်ထားရှိပြီး ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များ ကဏ္ဍအလိုက် ချမှတ်ထားရှိကြောင်း၊ လိုအပ်သည့် ညွှန်ကြားချက်များ၊ ညှိနှိုင်းမှုများ ဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နိုင်မှု အစီရင်ခံစာ ရပြီဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် အသင်းဝင်အင်အားပေါင်း ငါးသန်းကျော် စည်းရုံးစုစည်းထားရှိပြီး ကျေးလက်အောက်ခြေ ဒေသများအထိ ကွန်ရက်သဖွယ် ဖြန့်ကြက်ပြီး မြို့နယ်အသင်းပေါင်း ၃၂၅ သင်း၊ အသင်းခွဲပေါင်း ၁၅၄၈၉ အသင်းထိ ဖွဲ့စည်းပေးနိုင်ခဲ့ ဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူ အသိအမှတ်ပြုပါကြောင်း။

**ပြန်လည်သုံးသပ်**

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်တွင်း လူမှုရေးအဖွဲ့အစည်းများ ပါဝင်ပူးပေါင်းဆောင်ရွက် မှုများနှင့် အကျိုးရလဒ်များကိုလည်း ပြန်လည်သုံးသပ် ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

**ဆက်လက်ထိန်းသိမ်း**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအနေဖြင့် နှစ်စဉ်နှစ်ပတ်လည် ညီလာခံကျင်းပခြင်း၊ တိုင်းနှင့် ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်မှ မြို့နယ်အသင်း၊ အသင်းခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စနစ်တကျ လေ့လာကြီးကြပ်ပံ့ပိုးခြင်း၊ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိသည့်အတိုင်း ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

**မေတ္တာရပ်ခံ**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များ အားလုံးသည် မိမိတို့အပိုင်းကဏ္ဍအလိုက် မိမိတို့ ပါဝင်စွမ်းဆောင်ကြရမည့် လုပ်ငန်းတာဝန်အသီးသီးကို ကျေပွန်အောင်၊ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးသည် အသင်းကြီး၏ ပင်မတာဝန်များ၊ ရည်ရွယ်ချက်များနှင့်အညီ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးမဖက် ဝါသနာအလျောက် စေတနာထားပြီး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းသွားကြပါဟု ပြောကြားသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ နာယက အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

## ကြည့်ရှုအားပေး

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့နှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေး အဖွဲ့များ၏ လှုပ်ရှားမှုဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။** (သတင်းစဉ်)

## ကုန်သည်/စက်မှု အသင်းချုပ်နှင့် ဂျပန်ဧည့်သည် တွေ့ဆုံ ဆွေးနွေး

**ရန်ကုန် ဧပြီ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းအချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား ဂျပန်နိုင်ငံ Kuraray Company မှ မန်နေဂျာ Mr.Takao Hirai နှင့် အဖွဲ့ဝင် Mr. Yosuhiro Isono တို့သည် ဧပြီ ၂၅ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၌ အထည်ချုပ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းဆိုင်ရာကိစ္စနှင့် အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)

**ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာဆောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဧပြီ ၂၆ ရက်က (၅၀)ရပ်ကွက် ပညာဘဏ်သိုက် စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဋ္ဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဝင်းမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။** (မြို့နယ် ပြန်/ဆက်)

# ခေတ်မမီတော့သည့် ဘိလပ်မြေစက်မှုလုပ်ငန်းများ တရုတ်၌ လျှော့ချမည်

ပေကျင်း ဧပြီ ၂၇

**တရုတ်နိုင်ငံသည် ဘိလပ်မြေစက်မှုလုပ်ငန်းတွင် ခေတ်မမီတော့သည့် နည်းပညာအဟောင်းများကို အသုံးပြုသောလုပ်ငန်းများကိုဖယ်ရှားပြီး ဝယ်လိုအားထက်ကျော်နေသော ထုတ်လုပ်မှုတို့ကို ညှိနှိုင်းလျှော့ချသွားမည်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးမှုနှင့် ပြန်လည်ပြင်ဆင်ရေးကော်မရှင်(အင်ဒီအာစီ)က ဖော်ပြခဲ့သည်။**

ဘိလပ်မြေလုပ်ငန်းများတွင် နည်းပညာအဟောင်းများအသုံးပြုသော စက်ရုံငယ်များကို ထိုကော်မရှင်က ဖယ်ရှားပစ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘိလပ်မြေလုပ်ငန်းမှစွန့်ထုတ်သော အညစ်အကြေးပြဿနာများနှင့် ဝယ်လိုအားထက်ကျော်နေသောထုတ်လုပ်မှုတို့ကို ပြင်ဆင်ညှိနှိုင်းရန် ဒေသဆိုင်ရာ အစိုးရက မကြာသေးမီက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ ဘိလပ်မြေလုပ်ငန်း ပြန်လည်ပြင်ဆင်မှုပြုလုပ်ရန် ဖွဲ့စည်းထားသည့်အင်ဒီအာစီအဖွဲ့ကို ဘဏ္ဍာရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ အပါအဝင်အစိုးရ ဌာနပေါင်းခုနစ်ခုတို့ဖြင့် ပူးပေါင်းဖွဲ့စည်းသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ဘိလပ်မြေထုတ်လုပ်မှုသည် ၂၀၁၀ပြည့်နှစ် အရောက်တွင် ၁ဒသမ၂၅ ဘီလီယံထုတ်လုပ်ရန်နှင့် ပိုလျှံသောတန်ချိန်သန်း ၂၅၀ ကို ဖယ်ရှားမည်ဖြစ်ကြောင်း ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ယမန်နှစ်က တရုတ်နိုင်ငံသည် ဘိလပ်မြေတန်ချိန် ၁ ဒသမ ၀၆ဘီလီယံ ထုတ်လုပ်ခဲ့ပြီး ၂၀၀၄ ခုနှစ်ကထက် ၉ဒသမ ၃ရာခိုင်နှုန်းများပြားလာကြောင်း သို့ရာတွင် ရရှိသောအမြတ်ငွေသည် ၃၈ ဒသမ၇ရာခိုင်နှုန်း ယွမ်ငွေ ၈ ဒသမ ၀၅ဘီလီယံ (အမေရိကန်ဒေါ်လာ၁ဘီလီယံ)ကျဆင်းခဲ့ကြောင်း အင်ဒီအာစီက ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အင်ဒိုနီးရှားနိုင်ငံရှိ မာရပီမီးတောင်မှ အခိုးအငွေ့များ ထွက်ရှိနေသည်ကို ဘိုယိုလာလီမြို့အနီးရှိကျေးရွာတစ်ရွာမှ ရွာသူရွာသားများ ကြည့်ရှုနေကြသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# လွန်ခဲ့သည့်သုံးနှစ်က ဝမ်းဗိုက်အတွင်း ကျန်ခဲ့သည့်ညှပ်ကို ပါကစ္စတန် ဆရာဝန်များက ဖယ်ရှားပေးခဲ့ရ

**ဟိုက်ဒရာဘတ်(ပါကစ္စတန်) ဧပြီ ၂၇**

အသက်(၁၆)နှစ်အရွယ်ရှိပါကစ္စတန်နိုင်ငံမှ အမျိုးသမီးတစ်ဦးသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က ခွဲစိတ်ကုသမှုခံယူစဉ် ၎င်း၏ဝမ်းဗိုက်အတွင်း ညှပ်တစ်ခု ကျန်နေခဲ့သည်ကို ယခုအခါ ဖယ်ရှားခဲ့နိုင်ပြီဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်သည် မကြာမီရက်သတ္တပတ်အတွင်း ဖြစ်ပွားသောဒုတိယဖြစ်ရပ်ဖြစ်ကြောင်းဆရာဝန်တစ်ဦးကအင်္ဂါနေ့တွင် ပြောကြားသည်။

၎င်းအမျိုးသမီးသည် နာကျင်မှုဝေဒနာခံစားရမှုကြောင့် ဆေးရုံသို့ လာရောက်ပြသရာဆရာဝန်များက စစ်ဆေးကြည့်ပြီးနောက် ၎င်း၏ဝမ်းဗိုက်အတွင်း ညှပ်တစ်ခုတွေ့ရှိခဲ့သည်ဟု နာဝကရှားမြို့ ဆေးရုံမှ ခွဲစိတ်ကုဆရာဝန် မိုဟာမက်ကက်ရှ်ကယ်က ပြောကြားသည်။

၎င်းအမျိုးသမီး၏ အခြေအနေမှာ ယခုထက်တိုင်အန္တရာယ်ရှိနေသေးသည်ဟု ဆရာဝန်က ပြောကြားသည်။

မတ်လအတွင်းကလည်း အသက် ၃၀ အရွယ်ရှိ အမျိုးသမီးတစ်ဦး၏ ဝမ်းဗိုက်အတွင်း လွန်ခဲ့သည့်တစ်နှစ်ခန့်က ကျန်နေခဲ့သော ညှပ်တစ်ခုကို ဆရာဝန်များက ဖယ်ရှားပေးခဲ့ရသည်။ သို့ရာတွင်၎င်းအမျိုးသမီးမှာ နောက်ပိုင်းတွင် ရောဂါဝေဒနာပေါင်းစုံဖြင့် သေဆုံးသွားခဲ့ကြောင်းသိရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီဂျစ်တွင် နေထိုင်သည့် ဩစတြေးလျနိုင်ငံသားများ သတိကြီးစွာထားရန် ဩစတြေးလျအစိုးရက သတိပေး

**ကင်ဘာရာ ဧပြီ ၂၇**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် လူသေဆုံးစေခဲ့သည့် တိုက်ခိုက်မှုများ ဖြစ်ပွားပြီးသည့်နောက် အီဂျစ်နိုင်ငံရှိ ဩစတြေးလျနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သတိကြီးစွာထား၍နေထိုင်ကြရန် ဩစတြေးလျအစိုးရက အင်္ဂါနေ့တွင် သတိပေးလိုက်သည်။

ဆိုင်းနိုင်းကျွန်းဆွယ်ရှိ ပင်လယ်နီ အပန်းဖြေစခန်း ဒါဟက်တွင် တနင်္လာနေ့က ပေါက်ကွဲမှု သုံးကြိမ် ဖြစ်ပွားခဲ့မှုကြောင့် လူ၃၀ထက်မနည်း သေဆုံးခဲ့ပြီး လူ၁၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဩစတြေးလျနိုင်ငံခြားရေးရာနှင့် ကုန်သွယ်ရေးဌာနက အီဂျစ်နိုင်ငံသို့ ခရီးသွားလာရေးဆိုင်ရာ သတိပေးချက်အပေါ် ပြန်လှန်သုံးသပ်ပြီး သတိပေးချက် ထပ်မံထုတ်ပြန်ပေးခဲ့သည်။ ယင်းသတိပေးချက်တွင် အီဂျစ်နိုင်ငံ၏ လုံခြုံရေးအခြေအနေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်သစ်များ ပါဝင်သည်။

အီဂျစ်နိုင်ငံရှိ ဩစတြေးလျနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် သတိကြီးစွာထားနေထိုင်ကြရန် မိမိတိုက်တွန်းလိုက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်ရှိနေ၍ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက ပြည်ပနိုင်ငံသားများ သွားလာသည့်နေရာများအပါအဝင် ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်ရန် စီစဉ်နေကြသည့်သတင်းများ မိမိတို့ဆက်တိုက်ရရှိနေကြောင်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဆိုင်းနိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုက ခရီးသွားလာနေသူများအား ခြိမ်းခြောက်မှုကို ဖော်ပြနေခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## နိုင်ငံတကာ သတင်းများ

# ဘင်္ဂဒက်အရှေ့ပိုင်းဆာဒါမြို့တွင် ကားဗုံးပေါက်ကွဲ၊ လူနှစ်ဦးသေဆုံး

**ဘင်္ဂဒက် ဧပြီ ၂၇**

အီရတ်နိုင်ငံ ဆာဒါမြို့ ဆင်းရဲသားရပ်ကွက်ရှိ ဈေးအနီးတွင် အင်္ဂါနေ့က ဘတ်စ်ကားငယ်တစ်စီးပေါ်တွင် တင်ဆောင်လာသောဗုံးပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘင်္ဂဒက်မြို့တော်အရှေ့ပိုင်းရှိ ဆာဒါမြို့သည် ရှီးယိုက်အမာခံများ၏ ခြေကုပ်ယူထားသည့်မြို့ဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် စီးပွားရေးအရ အချက်အချာကျသည့်လမ်းမှ ဆိုင်များ၏ မျက်နှာစာများပျက်စီးသွားပြီး ဘတ်စ်ကားငယ်လည်း ပျက်စီးခဲ့သည်။

ယင်းပေါက်ကွဲမှုနှင့် စပ်လျဉ်း၍ မည်သည့်အုပ်စုကမျှ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ရှီးယိုက်နှင့် ဆွန်နီများအတွင်း တင်းမာမှု မြင့်မားလျက်ရှိသည်။ မိမိတို့သည် အပြစ်ကင်းစင်သူ ပြည်သူများတွင် ပါဝင်သူများ ဖြစ်ကြောင်း၊ ဗုံးခွဲသူများက ဘတ်စ်ကားကို ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အိမ်နီးချင်းတစ်ဦးကပြောကြားသည်။ ရဲတပ်ဖွဲ့က ယင်းပေါက်ကွဲမှုသည် ကားဗုံးပေါက်ကွဲမှုဟုဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဒေသဆိုင်ရာအက်ဖ်အေအိုညီလာခံ ဗင်နီဇွဲလားနိုင်ငံတွင် စတင်ကျင်းပ

**ကရာကတ်စ် ဧပြီ ၂၇**

လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသဆိုင်ရာ(၂၉)ကြိမ်မြောက်ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ညီလာခံကို ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တွင် တနင်္လာနေ့က စတင်ကျင်းပသည်။

ထိုအစည်းအဝေးစတင်သည့်အချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(အက်ဖ်အေအို)၏အကြီးအကဲ ဂျိုဆေးဂရာဇီနိုဒါဆီလ်ဗား၏သတင်းစာရှင်းလင်းပွဲကိုလည်းတွဲ၍ ပြုလုပ်ခဲ့သည်။

ဖော်ပြပါ ညီလာခံတွင် လက်တင်အမေရိကနှင့်ကာရစ်ဘီယံဒေသနိုင်ငံများမှ ဝန်ကြီး ၃၃ဦး တက်ရောက်ကြပြီး စားနပ်ရိက္ခာဖူလုံရေးဝတ်မွတ်ခေါင်းပါးမှုနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးကိစ္စများကို ဆွေးနွေးကြမည်ဖြစ်သည်ဟု ဒါဆီးလ်ဗာကပြောကြားသည်။

အက်ဖ်အေအိုကထောက်ခံထားသည့် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ဖော်ပြပါဒေသ၌ ၂၀၁၅ ခုတွင် ငတ်မွတ်ခေါင်းပါးမှု ထက်ဝက်လျှော့ချရေးနှင့် နောက်ဆုံး ၂၀၂၅ခုနှစ်တွင် ငတ်မွတ်မှုကို အပြီးအပိုင် ဖယ်ရှားပစ်နိုင်ရေးကိစ္စများ ပါဝင်သည်။

ယခုအချိန်အခါတွင် ဒေသတစ်ဝန်း ခြိမ်းခြောက်နေသည့် အကြီးမားဆုံးကြုံတွေ့နေရသည့် စိန်ခေါ်မှုမှာ စိုက်ပျိုးရေးပစ္စည်းဈေးနှုန်းများ ထိုးကျနေခြင်းဖြစ်သည်။ ယင်းကြောင့် လယ်သမားများ ပိုမိုဆင်းရဲခဲ့ရသည့်အပြင် အချို့လယ်သမားများမှာ ဆိုးဆိုးရွားရွား ဖြစ်ခဲ့ကြကြောင်း စသည်ဖြင့် ဒါဆီလ်ဗားက သတင်းထောက်များကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်နိုင်စေရန်အတွက်ဆင်းရဲသားများအားငွေကြေးထောက်ပံ့ရန်နှင့် စားနပ်ရိက္ခာ အခမဲ့ဖြန့်ဖြူးရန် ဗင်နီဇွဲလားအစိုးရကကြိုးပမ်းနေသည်ဟု လယ်ယာမြေ နှင့်စိုက်ပျိုးရေးဝန်ကြီးအဲလီးယပ်စ်ဂျူဝါမီလင်နိုက သတင်းစာရှင်းလင်းပွဲတွင် အလေးထားပြောကြားသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဓာတုဗေဒစက်ရုံ၌ မီးလောင်နေသည်ကို ဧပြီ ၂၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ကျေးလက်ဒေသတွင် ရက်ကန်းခတ်နေသူ တိုင်းရင်းသူတစ်ဦးကို ဧပြီ ၂၆ရက် က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**တရုတ်နိုင်ငံအရှေ့ပိုင်း ဟူဘေးပြည်နယ်တွင် မီးဘေးလုံခြုံရေးအတွက် ပညာပေးမှုများ ပြုလုပ်နေသည်ကို ဧပြီ ၂၈ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်နိုင်ငံတွင် ဓာတ်ဆီဈေးနှုန်းကြီးမြင့်

**ဝါရှင်တန် ဧပြီ ၂၇**

အမေရိကန်နိုင်ငံမှ ရေနံကုမ္ပဏီများက ဓာတ်ဆီဈေး မတရားတင်ရောင်းချမှုနှင့် အမြတ်ကြီးစား ဈေးကစားသူများက လောင်စာဈေးနှုန်းများ မြှင့်တင်နေမှုအပေါ် သမ္မတဘုရှ်အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးပေးရန် ရီပတ်ဘလီကင်ပါတီမှ အောက်လွှတ်တော် ခေါင်းဆောင် များက တနင်္လာနေ့က တိုက်တွန်းလိုက်သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဓာတ်ဆီတစ်ဂါလန်လျှင် ပျမ်းမျှအားဖြင့် ၂ ဒသမ ၈၅ ဒေါ်လာအထိ ဈေးပေါက်ခဲ့သည်။ ယင်းဈေးနှုန်းသည် စတုတ္ထအကြိမ်မြောက် ဈေးနှုန်းအကြီးဆုံးဖြစ်ပြီး ဓာတ်ဆီဈေးသည် ဆက်လက်တက်နိုင်သည်ဟု ခန့်မှန်းထားကြသည်။

မဲဆန္ဒရှင်များက ယင်းကဲ့သို့ လောင်စာဆီဈေးနှုန်းမြင့်မားမှုကို အကြောင်းပြု၍ ဆန့်ကျင်တုံ့ပြန်လာနိုင်မည်ဖြစ်သဖြင့် ရီပတ်ဘလီကင်ပါတီ အမတ်များက နိုဝင်ဘာတွင် ကျင်းပမည့် အောက်လွှတ်တော် ရွေးကောက်ပွဲတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နေရာများအတွက် မဲမရရှိမည်ကို စိုးရိမ်တကြီးဖြစ်နေကြသည်။

နိုင်ငံတော်ရှေ့နေချုပ်နှင့် ကုန်သွယ်ရေးကော်မရှင်က အမြတ်ကြီးစားလုပ်ငန်းလုပ်ကိုင်နေသူများကို ကြပ်မတ်အရေးယူပေးရန် သမ္မတဘုရှ်က ညွှန်ကြားရန်အတွက် အထက်လွှတ်တော်အမတ် ဘီလ်ဖရစ်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ ဒင်းနစ် ဟက်စတတ်တို့က စာဖြင့်ရေးသား၍ မေတ္တာရပ်ခံခဲ့ကြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဖိလစ်ပိုင်လေတပ်မှ ရဟတ်ယာဉ် အရေးပေါ်ဆင်းသက်စဉ် ပျက်ကျ

**မနီလာ ဧပြီ ၂၇**

ဖိလစ်ပိုင် လေတပ်မှ ရဟတ်ယာဉ်တစ်စင်းသည် အစောင့်အရှောက်လေယာဉ်အဖြစ် ဆောင်ရွက်နေစဉ် ဧပြီ ၂၄ ရက် မွန်းလွဲပိုင်းက ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘူလကန်ဒေသတွင် ပျက်ကျခဲ့သည်။

ပျက်ကျခဲ့သည့် အမ်ဂျီ-၅၂၀ ရဟတ်ယာဉ်ပေါ်တွင်လိုက်ပါလာသူ အရာရှိသုံးဦးနှင့် အခြားလူများ ဒဏ်ရာရရှိခြင်းမရှိကြောင်း လေကြောင်းတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဩဂတ္စတိုဒီလာပီနာက ပြောကြားသည်။

ဘူလကန်ဒေသတွင် မွန်းလွဲ ၁၂ နာရီ၄၅ မိနစ်က အရေးပေါ် ဆင်းသက်မှုပြုလုပ်စဉ် ပျက်ကျရခြင်းဖြစ်ကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် ယူအိပ်ချ်-၁၁၁ ရဟတ်ယာဉ်ကို လိုက်ပါစောင့်ရှောက်နေစဉ် ပျက်ကျမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း ဒီလာပီနာက ပြောဆိုခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျရခြင်း အကြောင်းရင်းကို ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း ၎င်းကဆိုသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသ အာဖဂန်နယ်စပ်အနီးတွင် စစ်ဘက်ယာဉ်တန်းအား လုံခြုံရေးစောင့်ကြပ်နေသည့် တပ်ဖွဲ့ဝင်နှစ်ဦးကို ဧပြီ ၂၇ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကာဘူးမြို့တွင် ဒုံးကျည်ပေါက်ကွဲ လူနှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ကာဘူး ဧပြီ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ ကာဘူးမြို့တော်တွင် အင်္ဂါနေ့ညက ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရသဖြင့် အာဖဂန် လူမျိုးနှစ်ဦး သေဆုံးပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

## ပြောကြား

ကာဘူးလေဆိပ်သွားရာ အထင်ကရလမ်းမကြီးပေါ်သို့ အင်္ဂါနေ့ဒေသစံတော်ချိန် ည ၁၀ နာရီတွင် ဒုံးကျည်နှစ်စင်း ကျရောက် ပေါက်ကွဲခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။

## ဌာနချုပ်အနီး

အမေရိကန်သံရုံးနှင့် နေတိုးဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များ၏ ဌာနချုပ်အနီးတစ်နေရာတွင် ဒုံးကျည်ကျရောက်ပေါက်ကွဲခဲ့၍ အာဖဂန်နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။

ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဟု ထုတ်ဖော် ပြောကြားခြင်း မရှိပေ။

## နှစ်ကြိမ်

ယခုရက်သတ္တပတ်အတွင်း ကာဘူးမြို့တော်တွင် ဒုံးကျည်ဖြင့် နှစ်ကြိမ်တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ထိုင်းရပ်တည်ဆဲ

**ဗန်ကောက် ဧပြီ ၂၇**

ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ဒုတိယနေရာတွင် ရှိနေကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုမှာ ယခုနှစ် ပထမသုံးလပတ်ကာလတွင် တန်ချိန် ၁ ဒသမ ၇၉ သန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၆၇ ဒသမ ၄ သန်းရှိကြောင်း နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရာချနီပိုဂျာနာဆန်တွန်၏ ပြောကြားချက်ကို ကိုးကားလျက် ထိုင်းသတင်းအေဂျင်စီက ဖော်ပြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်မှုမြင့်မားလာ လူ ၁၃ ဦးသေဆုံး

**ကာဘူး ဧပြီ ၂၇**

အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသတွင် လေကြောင်းမှ တိုက်ခိုက်ခဲ့မှု၊ တာလီဘန်ပြောက်ကျားများက ရဲဌာနတစ်ခုကို တိုက်ခိုက်မှုနှင့် စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခုကို လမ်းဘေးဗုံးထောင်၍ တိုက်ခိုက်မှုတို့ကြောင့် အာဖဂန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်မားလာခဲ့ပြီး ထိုဖြစ်ရပ်များကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိ ပုဂ္ဂိုလ်များက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန် ဦးဆောင်၍ တာလီဘန်ပြောက်ကျားများနှင့် အယ်လ်ခိုင်ဒါ အကြမ်းဖက် ကွန်ရက်အဖွဲ့ဝင်များကို ကူနာပြည်နယ်တွင် အင်္ဂါနေ့က ထိုးစစ်ဆင်နွှဲခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။ ထို့အပြင် အမေရိကန်စစ်ဘက် မော်တော်ယာဉ်တန်းသည် ပါကစ္စတန်နှင့် ထိစပ်နေသည့် နေရာအနီးတွင် လမ်းဘေးဗုံးဖောက်ခွဲ ခံရသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အဆာဒူလာဝါဖာက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အင်ဒိုနီးရှားတွင် လောင်စာဆီသုံးစွဲမှု ကန့်သတ်ရန် စီစဉ်နေ

**ဂျကာတာ ဧပြီ ၂၇**

အင်ဒိုနီးရှားအစိုးရသည် မော်တော်ကားများ လောင်စာဆီသုံးစွဲခြင်းကို ကန့်သတ်ရန် စီစဉ်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းသည် ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်ခြင်းကြောင့် စွမ်းအင်ချွေတာသုံးစွဲရခြင်းကြောင့်ဖြစ်ကြောင်း အထက်တန်း တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

အစိုးရနှင့် ပုဂ္ဂလိကယာဉ်များ လောင်စာဆီသုံးစွဲမှုကို အစိုးရက ကန့်သတ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်မှုမှာ ပြည်တွင်းလောင်စာဈေးတက်မှုကို ကာကွယ်ရန်အတွက်ဖြစ်ကြောင်း အမျိုးသားဖွံ့ဖြိုးမှု စီမံကိန်းဝန်ကြီး ပါကက်ရှ်ဆူဇီတာက သတင်းထောက်များကို ပြောကြားခဲ့သည်။

အစောပိုင်းရက်များက ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅ဒေါ်လာ နှုန်းဈေးပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် စွမ်းအင်သုံးစွဲမှုကို ချွေတာရခြင်းဖြစ်ကြောင်း ၎င်းက ဖော်ပြခဲ့သည်။

ယခုနှစ် ဩဂုတ်လတွင် ထိုကိစ္စရပ်အတွက်စည်းမျဉ်းတစ်ရပ်ကို ထုတ်ပြန်သွားမည်ဟု မျှော်လင့်ရကြောင်း၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိုပီအီးစီအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည်။ သို့သော် ယခင်နှစ်အတွင်းက ရေနံထုတ်လုပ်မှု ကျဆင်းခဲ့သည့်အတွက် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန် အစိုးရအနေဖြင့် လောင်စာတင်သွင်းရန် လုပ်ဆောင်ခဲ့ရကြောင်း ဖော်ပြထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**နိုကီယာကုမ္ပဏီမှ ထုတ်လုပ်လိုက်သော အင်-၉၂ လက်ကိုင်ဖုန်းအား ဂျာမနီနိုင်ငံ ဟင်နိုဗာမြို့တွင် မော်ဒယ်တစ်ဦးက ပြသနေသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

▲ **ရှေ့ဖုံးမှ**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

## အဖွင့်အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားရာတွင် ICT Park ထူထောင်ခြင်း အထိမ်းအမှတ်အဖြစ် ICT ပြပွဲ၊ ပြိုင်ပွဲ၊ ဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ပဥ္စမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတင်းအချက်အလက်များ ရယူဆက်သွယ်ရာတွင် အရှိန်အဟုန်ပြင်းစွာနှင့် တိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်ပြောင်းလဲနေသည့်ကမ္ဘာကြီးထဲတွင် သတင်းအချက်အလက်များကို လျင်မြန်စွာ ရယူဆက်သွယ်နိုင်ခြင်းသည် စွမ်းအားစုအရင်းအမြစ်များရှာဖွေဖော်ထုတ်ရာမှာ လည်းကောင်း၊ လျင်မြန်စွာ ဆက်သွယ်နိုင်မှုများပေးနိုင်သော နည်းလမ်းများမှာလည်းကောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရာမှာလည်းကောင်း အထောက်အကူပေးနိုင်ခြင်းကြောင့် ICTသည် နေ့စဉ်ဘဝလှုပ်ရှားမှုကို လွှမ်းမိုးထားပြီး အပြောင်းအလဲကို ဖြစ်စေနိုင်သည့် အင်အားတစ်ရပ်ဖြစ်လာပါကြောင်း။

## လျင်မြန်စွာတိုးတက်

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် သန္နိဋ္ဌာန်ချ ဆောင်ရွက်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင်နှစ်များအတွင်း အိုင်စီတီနည်းပညာ လျင်မြန်စွာ တိုးတက်လာခဲ့သည်ကို ယနေ့ တွေ့ရှိနိုင်မှာ ဖြစ်ပါကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ ICTပညာရှင်များ၊ လုပ်ငန်းရှင်များ၏ တက်ကြွစွာအားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံ၏ အိုင်စီတီ ဖွံ့ဖြိုးမှုဟာ ထင်ရှားသည့်သာဓကများနှင့် ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့မြင်ရမှာဖြစ်ပါကြောင်း။

## ဖွဲ့စည်းနိုင်

အိုင်စီတီတိုးတက်မှုကို စီမံကိန်းနှင့် စနစ်တကျဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ခုနှစ်မှာ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေအရ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းများကို ၁၉၉၈ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ဆက်လက်ပြီး အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ၂၀၀၀ပြည့်နှစ်မှာ ဖွဲ့စည်းခဲ့ပြီး အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုနှင့် ပုဂ္ဂလိကကဏ္ဍကိုကိုယ်စားပြုသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ မြန်မာနိုင်ငံ အိုင်စီတီ ဖွံ့ဖြိုးမှုသည် လျင်မြန်ထိရောက်သည့် အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ခြင်းပင်ဖြစ်ပါကြောင်း။

၂၀၀၀–၂၀၀၅ခုနှစ်အတွက် ရေးဆွဲခဲ့သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စီမံကိန်းဆိုင်ရာ အခြေခံမူများ (ICT Master Plan Framework) သည် အိုင်စီတီဖွံ့ဖြိုးမှု၏ ဦးတည်ချက်များကို စနစ်တကျ လမ်းညွှန်ပေးနိုင်ခဲ့ပြီး ယင်း ICT Park များသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပင်မစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် တင့်တယ်ထည်ဝါစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

**ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ်–၂၀၀၆ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## မူကြမ်းရေးဆွဲပြီးစီး

ဆက်လက်ပြီး ၂၀၀၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်ထိအတွက် Initiative for ASEAN Integration (IAI)အစီအစဉ်အရ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီနှင့် မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်များ (Myanmar ICT Development Master Plan /Action Plan)(မူကြမ်း)ကို ရေးဆွဲပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

ဆိုက်ဘာဥပဒေရေးဆွဲမှုအနေနှင့် e-Government နှင့် e-Commerce အတွက် များစွာအထောက်အကူဖြစ်စေမည့် အီလက်ထရွန်းနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (Electronic Transactions Law ) ကို ၂၀၀၄ခုနှစ်ထဲတွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆိုက်ဘာဥပဒေများ၏ အစိတ်အပိုင်းများဖြစ်သည့် ဆက်သွယ်ရေးဥပဒေ (Telecommunications Law)နှင့် အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေးဥပဒေ [Intellectual Property Right (IPR) Law] တို့ကို မူကြမ်းပြုစုပြီးစီးနေပြီဟု သိရှိရ၍ ကျေနပ်အားရစရာအဖြစ် အသိပေးပြောကြားလိုပါကြောင်း။

အိုင်စီတီစံနှုန်း သတ်မှတ်ရေးလုပ်ငန်းများထဲက တစ်ခုဖြစ်သည့် ကွန်ပျူတာသုံး မြန်မာစာစနစ်ဆိုင်ရာစံများ သတ်မှတ်နိုင်ခဲ့ပြီး Unicode သုံး မြန်မာစာလုံးစနစ်တစ်ခုကို ကွန်ပျူတာပေါ်တွင် သုံးနိုင်အောင်လည်း တီထွင်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းစံနှုန်းများအတိုင်း နယ်ပယ်အသီးသီးတွင် ကွန်ပျူတာသုံးစနစ်များကို မြန်မာဘာသာဖြင့် အပြန်အလှန် ချောမွေ့စွာ ဆက်သွယ်အသုံးချနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံးမှ မြန်မာစာတတ်မြောက်သူတိုင်း ကွန်ပျူတာကို အသုံးပြု၍ သတင်းအချက်အလက်များ ရယူအသုံးချလာနိုင်မှာဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်ယဉ်ကျေးမှုပြန့်ပွားရေး၊ ဒစ်ဂျစ်တယ်ကွာဟချက် ပပျောက်စေရေးနှင့် သတင်းအချက်အလက် နည်းပညာကို အများပြည်သူအသုံးချနိုင်စွမ်း တိုးမြှင့်လာစေရေးအတွက် ကြီးမားသည့် အခွင့်အလမ်းများ ပွင့်လန်းသွားစေမှာဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

## သင်တန်းများပို့ချပေးနေ

ICTတိုးတက်ရေးကို အထောက်အကူပြုစေမည့် လူ့စွမ်းအားတိုးတက်ရေးကိုလည်း ပညာရေးနယ်ပယ်တွင် အိုင်စီတီနည်းပညာနှင့် အားဖြည့်ထောက်ကူပေးလျက်ရှိပါကြောင်း၊ အထက်တန်းအဆင့်ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည့် Multimedia စာသင်ခန်းများ၊ အီလက်ထရွန်းနစ် ပညာရေး သင်ကြားမှုသင်တန်းဌာနများ၊ Data Broadcasting စနစ်နှင့် ပညာရေးသုံး အင်ထရာနက်များသည် ICT ကဏ္ဍ၏ ထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များပင်ဖြစ်ပါကြောင်း၊ အိုင်စီတီ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့် အစိုးရကွန်ပျူတာကောလိပ် ၂၄ ခု ဖွင့်လှစ်သင်ကြားလျက်ရှိပါကြောင်း၊ အခြားတက္ကသိုလ်များမှာလည်း ကွန်ပျူတာဒီဂရီသင်တန်းများပို့ချပေးနေပါကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကလည်း အိုင်စီတီစွမ်းအားမြှင့်တင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးတို့အတွက် လုပ်ငန်းခွင်ပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချပေးနေပြီး နိုင်ငံအချင်းချင်း အသိအမှတ်ပြု (Cross Certification) စာမေးပွဲများကို ပုံမှန်ကျင်းပပေးလျက်ရှိပါကြောင်း။

ယခုအခါတွင် နိုင်ငံတော်ဘက်မှလည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးချ၍ အစိုးရလုပ်ငန်းများ ဆောင်ရွက်မှုများ ပြုလုပ်နိုင်အောင် အစိုးရဝန်ကြီးဌာနများ အားလုံးကို မြန်နှုန်းမြင့် ကွန်ရက်ဖြင့် ချိတ်ဆက်ပေးပြီးဖြစ်ပါကြောင်း၊ အစိုးရဌာနများ၏ ကွန်ပျူတာသုံး စီမံခန့်ခွဲရေး အခြေခံစနစ်များကို တည်ဆောက်ပြုစုလျက်ရှိသည် ဆိုသည်ကို အသိပေးပြောကြားလိုပါကြောင်း။

ထို့အပြင် ကမ္ဘာ့အဆင့်အတန်းမီ Cyber City ဟုခေါ်တွင်နိုင်မည့် ရတနာပုံမြို့သစ် (Silicon Valley) စီမံကိန်းတစ်ရပ် ချမှတ်ထားကြောင်း အသိပေးလိုပါတယ်၊ အဲဒီစီမံကိန်းမှာ ICT Industries ဖွံ့ဖြိုး တိုးတက်စေရန် ပြည်တွင်း၊ ပြည်ပမှ Software ထုတ်လုပ်သူများအတွက် Production Block များ၊ Hardware ထုတ်လုပ်သူများအတွက် Production Block များ၊ နိုင်ငံတကာနဲ့ နည်းပညာဖလှယ်နိုင်တဲ့ ဆက်သွယ်ရေးစနစ်များ ပေးစွမ်းနိုင်မဲ့ Teleport Facility များ၊ နည်းပညာနှီးနှောဖလှယ်နိုင်မယ့် Conferencing Facility ၊ ထုတ်လုပ်ပြီး Product များ ပြသရောင်းချနိုင်မယ့် Exhibition Hall, Shopping Center များ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Training Centre များ၊ Research & Development (R&D) Centre များ၊ Incubation Centre များ၊ စာသင်ကျောင်းများ စသည်ဖြင့် မြို့တစ်မြို့၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်သွားမှာဖြစ်ကြောင်း။

## ထိရောက်အကျိုးရှိ

အီလက်ထရွန်းနစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် Myanmar Info-Tech ကော်ပိုရေးရှင်းကလည်း အီလက်ထရွန်းနစ် နည်းပညာဖြင့် ကုန်ပစ္စည်းဝယ်ယူခြင်းစနစ် (e-Procurement) နှင့် သတင်းအချက်အလက်များ လုံခြုံစေရေးစနစ် (Certification Authority) တို့ကို တီထွင်ခဲ့ပြီး အသုံးပြု၍ရနေပြီလို့ သိရသည့်အတွက် ဝမ်းသာကျေနပ်မိပါကြောင်း၊ Public Access Center (PAC) နှင့် Data Center ထူထောင်ခြင်း၊ Industrial Development Information Systems (IDIS) ၊ Agricultural Development Information Systems(ADIS) နဲ့ Rural Development Information Systems (RDIS)တည်ဆောက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းကြောင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာ ထိရောက်အကျိုးရှိစေခဲ့ပါကြောင်း။

## အခွင့်အလမ်းကောင်း

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် လေ့လာသူများအနေနှင့် ဤပြပွဲကြီးတွင် မြန်မာနိုင်ငံ၏ လက်ရှိ အိုင်စီတီ အခြေအနေနှင့် ရှေ့အလားအလာများကို ကောင်းစွာ မှန်းဆသုံးသပ်နိုင်မှာဖြစ်ပါကြောင်း၊ အိုင်စီတီ ကုမ္ပဏီတွေအနေနှင့်လည်း မိမိ၏ Products များ၊ ဝန်ဆောင်မှုများကို မိတ်ဆက်နိုင်မည့် အခွင့်အလမ်းကောင်းဖြစ်ပါကြောင်း။

ယခုအိုင်စီတီ ရက်သတ္တပတ်လှုပ်ရှားမှုအတွင်းတွင် ကုမ္ပဏီပေါင်း ၇၁ခု၏ ပြခန်းပေါင်း ၁၅၀ ခန်းကို ပါဝင်ပြသထားမှာဖြစ်ပြီး ခေတ်မီ ICT နည်းပညာ အသုံးချမှု ပြခန်းများအပြင် အလုပ်ရုံဆွေးနွေးပွဲများ၊ Programming ပြိုင်ပွဲ၊ Web Development ပြိုင်ပွဲနှင့် Networking ပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားသည်ဟု သိရှိရပါကြောင်း၊ ဤဆွေးနွေးပွဲနှင့် ပြိုင်ပွဲများသည် နိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဗဟုသုတတိုးပွားစေရန်နှင့် ပြည်သူများ ICT အသုံးချမှုများကို သဘောပေါက်နားလည်စေပြီး များစွာ အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ကျောင်းသားလူငယ်များ လေ့လာနိုင်စေရန် အဓိကရည်ရွယ်ပြီး နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည့် သင်္ကြန်ကာလအပြီး မြန်မာနှစ်ကူးကာလအပြီးတွင် ကျင်းပရန် စီစဉ်ခဲ့သည့်အတွက် ကျေနပ်အားရဖြစ်မိပါကြောင်း။

အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် Myanmar Info-Tech ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကို အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုအတွက် ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ကြရန် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အိုင်စီတီ ရက်သတ္တပတ်မှာ ထူးခြားသည့် အောင်မြင်မှုများ ရပါစေဟုလည်း ဆန္ဒပြုလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ ကျင်းပရေးနှင့်စပ်လျဉ်း၍ စီစဉ်ထားရှိမှုကို ကျင်းပရေးကော်မတီဝင်၊ မြန်မာအင်ဖိုတက်ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ၊ Products & Services Launching နှင့် Programming ၊ Web Development ပြိုင်ပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ယနေ့မှ မေ ၄ရက်အထိ လည်းကောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ဧပြီ ၂၉ရက်မှ မေ ၁ရက်အထိလည်းကောင်း ကျင်းပပြသွားမည်ဖြစ်သည်။

(သတင်းစဉ်)

---

✻ **ရေလွှမ်းမိုးမှုမှ**

ရာသီဥတုပြောင်းလဲလာမှုကို ဒဏ်ခံနိုင်သည့် ဆန်စပါးမျိုးသစ်များ ပေါ်ထွန်းလာရန် ဖိလစ်ပိုင်နိုင်ငံအခြေစိုက် နိုင်ငံတကာ ဆန်စပါးသုတေသနသိပ္ပံ (အိုင်အာအာအိုင်)မှ သိပ္ပံပညာရှင်များက လေ့လာအားထုတ်လျက်ရှိကြသည်။

ကမ္ဘာ့အပူချိန် တစစမြင့်တက်လာနေမှု၊ ဖန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့များ ပိုမိုစုဝေးလာမှု၊ မိုးခေါင်မှုနှင့် ရေလွှမ်းမိုးမှုများကဲ့သို့သော ဥတုလွန်ကဲခြင်းဆိုင်ရာ အခြေအနေများ ဖွဲ့စည်းဖြစ်ပေါ်မှု စသည့် အခြင်းအရာများသည် ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိနိုင်သည်ကို သိရှိနိုင်ရန် အိုင်အာအာအိုင် သိပ္ပံပညာရှင်များက လာမည့် ငါးနှစ်မှ ခုနစ်နှစ်တာ ကာလအတွင်း ဒေါ်လာ ၂၅ သန်း အသုံးပြု၍ လေ့လာသွားမည်ဖြစ်သည်။

ရာသီဥတု ပြောင်းလဲခြင်းနှင့် ကမ္ဘာ့အပူချိန် မြင့်တက်လာမှုတို့နှင့် တိုက်ရိုက်သက်ဆိုင်နေသော ပြဿနာများအား အာရုံစိုက်လေ့လာမည့် သုတေသနအစီအစဉ် အများအပြားကို မိမိတို့ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အိုင်အာအာအိုင် ညွှန်ကြားရေးမှူးချုပ် ရောဘတ်ဇေဂလာက ပြောကြားသည်။

အိုင်အာအာအိုင်သည် မကြာမီကာလမှစ၍ ဆန်စပါးမျိုးသစ်များကို ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မိမိတို့၏ စပါးမျိုးသစ်များသည် လက်ရှိစပါးမျိုးများထက် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ဇေဂလာက ပြောကြားသည်။

အိုင်အာအာအိုင် သုတေသီများသည် မိုးခေါင်မှုဒဏ်ကို ခံနိုင်ရည်ရှိမည့် စပါးမျိုးများကို တီထွင်ဖော်ထုတ်လျက်ရှိသည်။ အပူချိန်မြင့်တက်မှုဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးများရရှိရန် လေ့လာသည့် သုတေသနလုပ်ငန်းမှာ မကြာမီက စတင်နေပြီဖြစ်ကြောင်း ဆန်စပါးသုတေသန အဖွဲ့အစည်း၏ အကြီးအကဲက ဆက်လက်ပြောကြားသည်။

အိုင်အာအာအိုင်သည် ရွှေဆန် (golden rice) ဟူ၍ တင်စားခေါ်ဝေါ်သော ဗီတာမင်အေကြွယ်ဝသည့် ဆန်စပါးမျိုးကို မျိုးဗီဇ အင်ဂျင်နီယာနည်းလမ်းဖြင့် ဖော်ထုတ်နိုင်ရန်လည်း လေ့လာလျက်ရှိသည်။

အာရှတိုက်သား ပြည်သူ သန်း ၃၀၀၀ ခန့်သည် ဆန်စားသုံးသူများဖြစ်ကြပြီး ဗီတာမင်ကြွယ်ဝသည့် ဆန်စပါးမျိုးသစ်များသည် အာဟာရစံညွှန်းများကို မြင့်မားစေမည်ဖြစ်သည်။ **အင်တာနက်။**

---

# Y.M.B.A အသင်း နှစ်(၁၀၀)ပြည့်ပွဲတော်

**ရန်ကုန် ဧပြီ ၂၈**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(Y.M.B.A) နှစ်(၁၀၀)ပြည့် အခမ်းအနားကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ မေ ၉ရက်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်နိုင်ရန်အတွက် အသင်းသားများသည် ဖိတ်စာ၊ ရင်ထိုးတံဆိပ်၊ ကားဝင်ခွင့်များကို အသင်းဝင်ကတ်ပြားပြ၍ မေ ၃ရက်မှ ၆ရက်အထိ အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် Y.M.B.A အသင်းတိုက်၌ ရုံးချိန်အတွင်း လာရောက်သတင်းပို့ထုတ်ယူရန် နှိုးဆော်ထားသည်။

(၂၃)

## အမှာစကား ပြောကြား

**မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ပထမနေ့တွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပ

ရန်ကုန် ဧပြီ ၂၈

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့အစီအစဉ်များကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။**

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဒေါ်သိန်းသိန်းဌေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၅ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် ရသုံးမှန်းခြေစာရင်းကို လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် တင်သွင်းသည့် အစီရင်ခံစာများအပေါ်တက်ရောက်လာကြသူများ၏သဘောတူညီချက်ဖြင့် သဘာပတိက အတည်ပြုသည်။

### ဖတ်ကြားတင်သွင်း

ဆက်လက်၍ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ်အတွက်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းက လည်းကောင်း၊ ကယားပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုက လည်းကောင်း၊ ကရင်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီသီဝင်းက လည်းကောင်း၊ ချင်းပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီက လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းကိုယ်စားလှယ်များက တင်သွင်းကြသည့် အစီရင်ခံစာများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးသည်။

ယင်းနောက်မွန်းလွဲပိုင်းနှစ်ပတ်လည် အစည်းအဝေး အစီအစဉ်များကို ဆက်လက် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

## သဘာပတိ

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ပထမနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ ၂၀၀၅ ခုနှစ် လုပ်ငန်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဘဏ္ဍာရေးမှူးဒေါ်ခင်သန်းဝင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် ရသုံးမှန်းခြေ စာရင်းကို ဖတ်ကြားတင်သွင်းစဉ်။**(သတင်းစဉ်)

**ကချင်ပြည်နယ်၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာ ဒေါ်မြင့်မြင့်သန်း ဖတ်ကြား တင်သွင်းစဉ်။** (သတင်းစဉ်)

**ကယားပြည်နယ်၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်ခင်ညို ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ကရင်ပြည်နယ်၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာသီသီဝင်း ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ချင်းပြည်နယ်၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီ ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**စစ်ကိုင်းတိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ရီရီလွင် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**တနင်္သာရီတိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာသန္တာမျိုးဝင်း ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ပဲခူးတိုင်း(အရှေ့)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်း ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ပဲခူးတိုင်း (အနောက်)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာ ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**မကွေးတိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေး ဖတ်ကြား တင်သွင်းစဉ်။** (သတင်းစဉ်)

# သခင်လုပ်မှာလား၊ ကျွန်လုပ်မှာလား၊ မေးစရာမလို။ ကျွန်ုပ်တို့သည်

## ကိုယ့်မင်းကိုယ့်ချင်း၊ကိုယ့်ထီးကိုယ့်နန်း မြန်မာနိုင်ငံ

မြန်မာတို့သည် မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ နယ်မြေပိုင်ဆိုင်မှုကို အလွန်လေးစား တန်ဖိုးထားခဲ့ကြသည်။ ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းတရားကြီးကလည်းကောင်း၊ ၁၅၅၁ ခုနှစ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်မင်းတရားကြီးကလည်းကောင်း၊ ၁၇၅၂ ခုနှစ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီးကလည်းကောင်း တည်ထောင်ခဲ့သည်။ ထိုအချိန်များက နိုင်ငံသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိသည်၊ စီးပွားရေး အင်အားတောင့်တင်းသည်၊ တပ်မတော်အင်အားတောင့်တင်းသည်၊ ပတ်ဝန်းကျင်နိုင်ငံများက လေးစားခန့်ညားရသည်။ ထိုကာလများက နိုင်ငံတော်၏ အင်ပါယာနယ်နိမိတ်ကို သမိုင်းတွင် လေ့လာက သိရသည်၊ အားတက်ရသည်၊ မိမိတို့ လူမျိုး၊ မိမိတို့နိုင်ငံသားများ၏ တန်ဖိုးကို နားလည်ရသည်။

## ကျွန်ဖြစ်ခဲ့သောကာလများ

၁၈၂၄ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့သည်။ ရခိုင်၊ ရမ်းဗြဲ၊ သံတွဲ၊ မာန်အောင်၊ ရေး၊ မြိတ်၊ ထားဝယ်နှင့် တနင်္သာရီဒေသများ သိမ်းပိုက်ခံခဲ့ရသည်။

၁၈၅၂ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံ ဆုံးရှုံးခဲ့ရသည်။ သိမ်းပိုက်ခံခဲ့ရသည်။

၁၈၈၅ ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး တစ်နိုင်ငံလုံးဆုံးရှုံးခဲ့ရသည်။ မြန်မာတို့ တန်ဖိုးထား လေးစားခဲ့သော မြန်မာထီးနန်း၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုအားလုံး ပျက်သုဉ်းလျက်နှစ်ပေါင်းတစ်ရာကျော် ကျွန်သာမက ကျွန်အောက်သပေါက် ဖြစ်ခဲ့ရသည်။

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များ ပူးပေါင်း ကြိုးပမ်းအားထုတ်မှု၊ ပြည်သူပါဝင်သော တပ်မတော်၏ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းမှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏ ရလဒ်အဖြစ် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံဖြစ်ထွန်းလာခဲ့သည်။ သို့သော် ဗိုလ်ကျစိုးမိုးခံရမှုကြောင့် နိုင်ငံတော်၏ နယ်နိမိတ်အချို့ ဆုံးရှုံးခဲ့ရသည်။ ၁၇၅၂ ခုနှစ်နှင့် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံမြေပုံကို နှိုင်းယှဉ်သိမြင်နိုင်ပါသည်။

## ဖြတ်သန်းခဲ့ရသော အတိတ်ကာလများ

၁၉၄၉ ခုနှစ်တွင် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများအား ကူမင်တန်ကျူးကျော်မှုကို ပြည်သူပါဝင်သော တပ်မတော်က အောင်မြင်စွာ တိုက်ခိုက်မောင်းထုတ်ခဲ့ရသည်။ ၁၉၅၈ ခုနှစ်တွင် နိုင်ငံရေးပါတီအချင်းချင်း သွေးခွဲတိုက်ခိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးမည့်အရေးဖြစ်လာခဲ့သဖြင့် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် နယ်ချဲ့၏သွေးထိုးမှုကြောင့် လွတ်လပ်ရေးဆုံးရှုံးမည့်အရေး၊ တိုင်းပြည်ပြိုကွဲမည့်အရေးဖြစ်လာ၍ တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ၁၉၈၈ခုနှစ် တွင်လည်း လက်ဖက်ရည်ဆိုင် ရန်ဖြစ်မှုကစ၍ နယ်ချဲ့သွေးထိုးမှုကြောင့် ပြည်သူအများ လမ်းပေါ်ရောက်ဆန္ဒပြ၊ ဆူပူဖျက်ဆီးမှုများဖြစ်ပြီး တိုင်းပြည်ပြိုကွဲမည့်အရေး၊ အချုပ်အခြာအာဏာ ဆုံးရှုံးမည့်အရေးများ ဖြစ်ပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်သည်။ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တပ်မတော်သည် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ စီးပွားတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစသော ကိစ္စရပ်များ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်၊ အနှစ် ၄၀ ကာလနှင့် နှိုင်းဆလျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၅ခုနှစ် ၁၇ နှစ်ကာလအတွင်း တိုးတက်မှုသည် အဆပေါင်းများစွာ သာလွန်တိုးတက်သည်ကို တွေ့ရမည်ဖြစ်သည်။

## ခေတ်နှင့်လျော်ညီသောနိုင်ငံတော်၏ လုံခြုံရေး(National Security)

ယနေ့နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင် (National Goal)သည် **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး"**ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွား (National Interests)မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွားကို အောင်မြင်အောင်လုပ်ဆောင်မည့် လုပ်ငန်းမှန်သမျှ၊ အမျိုးသားအကျိုးစီးပွားဖျက်ဆီးမှုများကို ကာကွယ်ရမည့် ကိစ္စမှန်သမျှသည် ကျွန်ုပ်တို့၏ နိုင်ငံတော်လုံခြုံရေးပင်ဖြစ်သည်။ လုံခြုံရေးဟုပြောလျှင် လူအများတို့က လက်နက်ကိုင်အဖွဲ့အစည်းနှင့်သာ ဆိုင်သည်ဟု ယူဆကြသည်။ ဘာသိဘာသာနေကြသည်။ ယခုအမျိုးသားလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေး (National Security) သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုတည်းနှင့်ဆိုင်သောကိစ္စမဟုတ်၊ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ပြည်သူလူထုအားလုံး၊တိုင်းရင်းသားအားလုံးနှင့်ဆိုင်သောကိစ္စကြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံး တာဝန်ရှိပါသည်။ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

## အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကိုလေ့လာခြင်း

ပထမကမ္ဘာစစ်မတိုင်မီကာလက ဗြိတိသျှတို့သည် နိုင်ငံစီးပွားရေးတိုးတက်စေရန် အတွက် ကမ္ဘာ့အနှံ့အပြားတွင် ကိုလိုနီနိုင်ငံများ ထူထောင်ရေးကို အမျိုးသား အကျိုးစီးပွားအဖြစ် သတ်မှတ်ခဲ့သည်။ သို့သော် ထိုအမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင်မူ နယ်ချဲ့ဝါဒကို ကမ္ဘာ့လူသားများအား ယဉ်ကျေးအောင်ပြုလုပ်ပေးရေးဆိုသော စကားလုံးလှလှဖြင့် ဖုံးကွယ်ထားခဲ့ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်အများအပြားသည် ဗြိတိသျှတို့၏ ယဉ်ကျေးအောင် သင်ကြားပေးမှုကိုခံရင်း ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမေရိကန်နိုင်ငံသည် အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ အမေရိကန်တို့ကမူ ဆိုဗီယက်တို့ကို ထိန်းချုပ်ပြီး ကမ္ဘာ့ဒေသ အနှံ့အပြားတွင် ၎င်းတို့၏ စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဩဇာထူထောင်ရန်ဆိုသည့် အမျိုးသားအကျိုးစီးပွားကို ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး၊ ဒီမိုကရေစီနှင့် လွတ်လပ်ရေးဆိုသော ခေါင်းစဉ်အောက်မှလည်းကောင်း၊ အမေရိကန်တို့၏ တန်ဖိုး (American Values)ကို နိုင်ငံအားလုံးမှ လိုက်နာကျင့်သုံးရေးဆိုသော ခေါင်းစဉ် အောက်မှလည်းကောင်း ဖော်ဆောင်လာခဲ့ကြသည်။ စစ်အေးခေတ်လွန်ကာလရောက်သောအခါ ကွန်မြူနစ်ဝါဒနေရာတွင် အကြမ်းဖက်ဝါဒနှင့် (အမေရိကန်တို့အဆို) ဖိနှိပ်သောအစိုးရများကို အစားထိုးခဲ့သည်။

ဤနေရာတွင် အမေရိကန်တို့၏ တန်ဖိုးများဆိုသည့် အချက်များကို လေ့လာမည်ဆိုပါက ဒီမိုကရေစီ လူ့အခွင့်အရေး၊ ပြည်သူတို့၏ ဆုံးဖြတ်ပိုင်ခွင့်စသော စကားလုံးလှများဖြင့် ဖော်ပြထားသော်လည်း အာဖဂန်နစ္စတန်၊ အီရတ်နိုင်ငံများတွင် အမေရိကန်စစ်တပ်မှ ပြုမူနေမှုများ၊ အမေရိကန်ပြည်တွင်းတွင် သမ္မတဘုရှ်အစိုးရ၏ မိမိပြည်သူများကို ဥပဒေမဲ့ စုံစမ်းထောက်လှမ်းနေမှုများကို ကြည့်ပါက အမေရိကန်တို့၏ တန်ဖိုးများကို အမေရိကန်တို့ကိုယ်တိုင် လိုက်နာနိုင်မှုမရှိသည်ကို တွေ့ရပါမည်။

(SAM C.SARKESIAN ၏ US NATIONAL SECURITY - POLICY MAKERS, PROCESSES AND POLITICS) စာအုပ်တွင်-

အမေရိကန်သည် ၎င်း၏ အကျိုးစီးပွားအောင်မြင်ရန်အတွက် လုပ်ဆောင်မည့် အမေရိကန်နိုင်ငံ လုံခြုံရေး (National Security)တွင် မူဝါဒနှင့်လုပ်ငန်းစဉ်ကို ချမှတ်ရာ၌ လိုအပ်လျှင် စစ်အင်အားကို အသုံးချမည်။ နိုင်ငံခြားရေးမူဝါဒအဖြစ်၊ အပေးအယူသဘောအဖြစ် ညှိနှိုင်းသဘောတူညီချက်ရယူခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ သံတမန်ဆိုင်ရာနည်းလမ်းအစုံ အသုံးချခြင်းတို့ကို ပြုလုပ်မည်။ လုံခြုံရေးမူဝါဒနှင့် ဦးစားပေးမှုကိုကြည့်လျှင်-

(၁) အမေရိကန်အမိမြေကို ကာကွယ်ခြင်းနှင့် ၎င်း၏နိုင်ငံရေးစနစ်ကို ဆက်လက် ရှင်သန်စေခြင်း၊
(၂) ဒီမိုကရေစီစနစ်နှင့် ပွင့်လင်းမှုကို တိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင် ပြုစုပျိုးထောင်ခြင်းတို့ ပြုလုပ်မည်။

၎င်းလုံခြုံရေးမူဝါဒ၏ အစီအစဉ်လုပ်ငန်းစဉ်မှာ-

(၁) Vital Interest အဖြစ် အမိမြေကို ကာကွယ်ရာတွင် စစ်အင်အားတောင့် တင်းခိုင်
သယံဇာတစွမ်းအားများကို
(၂) Critical Interest အဖြစ် ဒီမို
တိုးချဲ့မည်။
(၃) Serious Interest အဖြစ်အ
အခြေအနေကို ဖန်တီးမည်
ရေးကို ခြိမ်းခြောက်သည့်
ရွက်မည်

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါ
ဤသို့ဆိုလျှင် အမေရိကန်သည်
National Interests နှင့် National Se
ဆောင်ရွက်နေကြောင်း သိနိုင်ပြီဖြစ်
ကမ္ဘာ့လုံခြုံရေး၊ အမေရိကန်နိုင်
သည်၊ဒီမိုကရေစီရရှိအောင် စီစဉ်ပေး
rity မူဝါဒဖြင့် အမေရိကန်နှင့်အပေါ
နှင့် အီရတ်နိုင်ငံတို့ကို တိုက်ခိုက်သိမ်း
ပြည်သူက လွတ်လပ်စွာရွေးချယ်တင်
သွားပြီ၊ လူ့အခွင့်အရေးများရရှိပြီဟု
များတွင် မီးဟုန်းဟုန်းတောက်လျက်
များဖြစ်လျက် ပြည်သူအများသောင်
သည်။

မြန်မာနိုင်ငံကိုလည်း ပထဝီနိုင်ငံ
ကျမှုကိုကြည့်၍ နည်းမျိုးစုံဖြင့် ဖျက်
ပြည်ပရောက်အကြမ်းဖက်သူများ အုပ်
မီဒီယာအမျိုးမျိုးကို အသုံးပြုလျက်၊ ပြ
နှင့် အတိုင်အဖောက်ညီစွာ မြန်မာနိုင်ငံ
အဓမ္မစေခိုင်းမှု၊ ကလေးစစ်သား၊ အဓမ္
ရွှေ့ပြောင်းနေထိုင်ကြသော လုပ်သား
မုဒိမ်းမှု၊ အမျိုးသမီးအခွင့်အရေး၊ ရုံး
ညှဉ်းပန်းမှု၊ တိုင်းရင်းသားလူမျိုးစု အ
လောက်မှု၊ ပညာရေး၊ ကျန်းမာရေး
ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်၊
ပြောဆိုခွင့်၊ လွတ်လပ်စွာ သင်းပ
မြေမြှုပ်မိုင်းများ၊ မူးယစ်ဆေးဝါးထုတ်
အမျိုးသားညီလာခံစသော စွပ်စွဲထိုးနှ
သီးခြားပြုလျက်၊ရောမွှေလျက်၊အကြော
ရှိသည်။ အဓိကမှာ ၎င်း၏ Values
ပွင့်လင်းခြင်းဆိုသည်များကို သွတ်သွင်း
စေပြီး လိုရာပုံသွင်းရန် ကြိုးစားခြင်းသ
သည့် လူသားချင်း စာနာထောက်ထား
အတွက် အကျိုးမရှိသမျှ ဖော်ပြပါစွပ်စွဲ
နေရာရှုထောင့်အမျိုးမျိုးမှ တစ်ခုပြီးတ
အရာသစ်များလည်း လာချင်လာလိမ့်ဦး
အကျိုးစီးပွားအတွက် လုပ်နေခြင်းဖြစ်သ
အတွက် လုပ်နေခြင်းမဟုတ်၊ မြန်မာနို
အကျိုးစီးပွား အတွက် လုပ်သင့်လုပ်ထို
ပါမည်။

## ၂၀၀၆ခုနှစ် မတ်လထုတ် အမေရိ
## ဗျူဟာ National Security Stra

ယခုနှစ်တွင် အမေရိကန်၏လုံ
ရေးသားထုတ်ပြန်ရာတွင် အမေရိကန်
စေရန်နှင့် နိုင်ငံတကာဦးဆောင်မှုအသွ
ကို လွတ်လပ်မှု ပိုမိုရရှိစေလိုဟန်
ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် ၎င်း
များကို ဖြုတ်ချရှင်းလင်း၍ ဒီမိုက
အသုံးချရန်ဟူသော သေနင်္ဂဗျူဟာကို

ဘုရှ်အစိုးရ၏ အခြေခံအယူအ
အမေရိကန်၏အမျိုးသားအကျိုးစီးပွား
နိုင်ငံတိုင်းတွင် အမေရိကန်တို့၏တန်
ပုံစံ ဒီမိုကရေစီသာ ကျင့်သုံးနိုင်လျှ
အင်အားစုများ အားနည်းသွားမည်။
ခိုလှုံရန်နေရာမရှိတော့သဖြင့် အမေရိက
ဟူ၍ဖြစ်သည်။ ထို့ကြောင့်ပင် အမေရိ
သမားများကို ထောက်ခံနေသော နိ
နှင့်ပတ်သက်ခြင်းမရှိသည့်တိုင် အမေရိ
များကို အာဏာရှင်နိုင်ငံ၊

**ကမ္ဘာ့လုံခြုံရေး၊ အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်သည်၊ ဒီမိုကရေစီရရှိအောင် စီစဉ်ပေးရမည်ဟူသော National Security မူဝါဒဖြင့် အမေရိကန်နှင့်အပေါင်းပါတို့သည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ဒီမိုကရေစီရရှိသွားပြီ၊ ပြည်သူက လွတ်လပ်စွာ ရွေးချယ်တင်မြှောက်သော အစိုးရများ ဖြစ်သွားပြီ၊ လူ့အခွင့်အရေးများရရှိပြီဟု ကြေညာနေသော်လည်း ၎င်းနိုင်ငံများတွင် မီးဟုန်းဟုန်းတောက်လျက် နေ့စဉ်တိုက်ခိုက်မှု၊ ဖောက်ခွဲမှုများဖြစ်လျက် ပြည်သူအများ သောင်းချီ၍ သေကျေပျက်စီးလျက်ရှိသည်။**

# ျွန်ုပ်တို့သည် သခင်ဖြစ်သည်

ဇော်မိုလ်

စစ်အင်အားတောင့် တင်းခိုင်မာမှု၊ကြိုတင်ချေမှုန်းမှုနှင့်နိုင်ငံ၏ သယံဇာတစွမ်းအားများကို အစွမ်းကုန်အသုံးချမည်။

(၂) Critical Interest အဖြစ် ဒီမိုကရေစီစနစ်ကို ပြုစု ပျိုးထောင် တိုးချဲ့မည်။

(၃) Serious Interest အဖြစ်အရေးသာသော၊ အသာစီးရသော အခြေအနေကို ဖန်တီးမည်၊ ဖန်တီး၍မရလျှင် ဒီမိုကရေစီရေးကို ခြိမ်းခြောက်သည့် အခြေအနေဟု သုံးသပ်ဆောင်ရွက်မည်

ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤသို့ဆိုလျှင် အမေရိကန်သည် ၎င်း၏ National Values, National Interests နှင့် National Security ကို မည်သို့မူဝါဒ ချမှတ်ဆောင်ရွက်နေကြောင်း သိနိုင်ပြီဖြစ်သည်။

ကမ္ဘာ့လုံခြုံရေး၊ အမေရိကန်နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်သည်၊ဒီမိုကရေစီရရှိအောင် စီစဉ်ပေးရမည်ဟူသော National Security မူဝါဒဖြင့် အမေရိကန်နှင့်အပေါင်းပါတို့သည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးဒီမိုကရေစီရရှိသွားပြီ၊ ပြည်သူက လွတ်လပ်စွာရွေးချယ်တင်မြှောက်သော အစိုးရများ ဖြစ်သွားပြီ၊ လူ့အခွင့်အရေးများရရှိပြီဟု ကြေညာနေသော်လည်း ၎င်းနိုင်ငံများတွင် မီးဟုန်းဟုန်းတောက်လျက် နေ့စဉ်တိုက်ခိုက်မှု၊ ဖောက်ခွဲမှုများဖြစ်လျက် ပြည်သူအများသောင်းချီ၍ သေကျေပျက်စီးလျက်ရှိသည်။

မြန်မာနိုင်ငံကိုလည်း ပထဝီနိုင်ငံရေးအရ အရေးပါမှု၊ မဟာဗျူဟာကျမှုကိုကြည့်၍ နည်းမျိုးစုံဖြင့် ဖျက်ဆီးရန် ကြိုးစားလျက်ရှိသည်။ ပြည်ပရောက်အကြမ်းဖက်သူများ အုပ်စုကို အသုံးပြုလျက်၊ အသံလွှင့်မီဒီယာအမျိုးမျိုးကို အသုံးပြုလျက်၊ ပြည်တွင်းနိုင်ငံရေးသမားဆိုသူများနှင့် အတိုင်အဖောက်ညီစွာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လူ့အခွင့်အရေး၊ အဓမ္မစေခိုင်းမှု၊ ကလေးစစ်သား၊ အဓမ္မပြောင်းရွှေ့စေမှု၊ ဒုက္ခသည်များ ရွှေ့ပြောင်းနေထိုင်ကြသော လုပ်သားများအခြေအနေ၊ လူကုန်ကူးမှု၊ မုဒိမ်းမှု၊ အမျိုးသမီးအခွင့်အရေး၊ ရုံးမတင်ဘဲတရားစီရင်မှု၊ ရိုက်နှက်ညှဉ်းပန်းမှု၊ တိုင်းရင်းသားလူမျိုးစု အခွင့်အရေး၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ပညာရေး၊ ကျန်းမာရေး အခွင့်အလမ်းများ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်၊ လွတ်လပ်စွာ ဖော်ထုတ်ရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာ သင်းပင်းအဖွဲ့အစည်း ထူထောင်ခွင့်၊ မြေမြှုပ်မိုင်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အမျိုးသားညီလာခံစသော စွပ်စွဲထိုးနှက်ချက်များ တစ်ခုပြီးတစ်ခုကို သီးခြားပြုလျက်၊ရောမွှေလျက်၊အကြောင်းအရာအမျိုးမျိုးဖြင့် စွပ်စွဲလျက်ရှိသည်။ အဓိကမှာ ၎င်း၏ Values ဆိုသည်များနှင့် ဒီမိုကရေစီ၊ ပွင့်လင်းခြင်းဆိုသည်များကို သွတ်သွင်းလျက် ပြည်သူများကို နားယောင်စေပြီး လိုရာပုံသွင်းရန် ကြိုးစားခြင်းသည်သာဖြစ်သည်။ ၎င်းတို့ပြောသည့် လူသားချင်း စာနာထောက်ထားမှုဆိုသည်ကို ပေးရန်မရှိ၊၎င်းတို့အတွက် အကျိုးမရှိသမျှ ဖော်ပြပါစွပ်စွဲချက်များသည် နည်းအမျိုးမျိုးဖြင့် နေရာရှာထောင့်အမျိုးမျိုးမှ တစ်ခုပြီးတစ်ခု လာလိမ့်မည်။ အကြောင်းအရာသစ်များလည်း လာချင်လာလိမ့်ဦးမည်၊ လာသမျှသည် သူ့နိုင်ငံ၏အကျိုးစီးပွားအတွက် လုပ်နေခြင်းဖြစ်သည်။ အခြားနိုင်ငံ၏အကျိုးစီးပွားအတွက် လုပ်နေခြင်းမဟုတ်၊ မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံ၏အကျိုးစီးပွား အတွက် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ကြရပါမည်။

## ၂၀၀၆ခုနှစ် မတ်လထုတ် အမေရိကန်နိုင်ငံ၏ လုံခြုံရေးမဟာဗျူဟာ National Security Strategy ကို လေ့လာခြင်း

ယခုနှစ်တွင် အမေရိကန်၏လုံခြုံရေးမဟာဗျူဟာကို သုံးသပ်ရေးသားထုတ်ပြန်ရာတွင် အမေရိကန်၏ တန်ဖိုးကိုလေးစားလာကြစေရန်နှင့် နိုင်ငံတကာဦးဆောင်မှုအသွင်ဖြင့် အမေရိကန်သည် ကမ္ဘာကြီးကို လွတ်လပ်မှု ပိုမိုရရှိစေလိုဟန်ဆောင်ကာ ကြိုးပမ်းမည်ဖြစ်ပြီး ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် ၎င်းတို့ကြိုးကိုင်၍မရသော အစိုးရများကို ဖြုတ်ချရှင်းလင်း၍ ဒီမိုကရေစီကို ထိရောက်စွာ တိုးမြှင့်အသုံးချရန်ဟူသော သေနင်္ဂဗျူဟာကို အသုံးပြုမည်ဖြစ်သည်။

ဘုရှ်အစိုးရ၏ အခြေခံအယူအဆမှာ နိုင်ငံတိုင်း အထူးသဖြင့် အမေရိကန်၏အမျိုးသားအကျိုးစီးပွားအတွက် အချက်အချာကျသောနိုင်ငံတိုင်းတွင် အမေရိကန်တို့၏တန်ဖိုးများကိုလက်ခံပြီး အမေရိကန်ပုံစံ ဒီမိုကရေစီသာ ကျင့်သုံးနိုင်လျှင် အမေရိကန်ဆန့်ကျင်ရေးအင်အားစုများ အားနည်းသွားမည်။ အကြမ်းဖက်သမားများအတွက် ခိုလှုံရန်နေရာမရှိတော့သဖြင့် အမေရိကန်နိုင်ငံသည် ပို၍လုံခြုံသွားမည်ဟူ၍ဖြစ်သည်။ ထို့ကြောင့်ပင် အမေရိကန်အစိုးရသည် အကြမ်းဖက်သမားများကို ထောက်ခံနေသော နိုင်ငံများရော၊ အကြမ်းဖက်ဝါဒနှင့်ပတ်သက်ခြင်းမရှိသည့်တိုင် အမေရိကန်တို့ကြိုးဆွဲရာမကသောနိုင်ငံများကို အာဏာရှင်နိုင်ငံ၊ ဆိုးသွမ်းသောနိုင်ငံ၊ အဓမ္မအုပ်ချုပ်နေသော အစိုးရများဟု အမည်အမျိုးမျိုးတပ်ပြီး ဖယ်ရှားရန်ဆောင်ရွက်နေခြင်းဖြစ်သည်။ အမေရိကန်တို့အကျိုးကို မဆန့်ကျင်သောနိုင်ငံများကိုမူ မည်မျှအခြေအနေဆိုးစေကာမူ ထိုစာရင်းတွင် ထည့်မထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်-

၎င်းမဟာဗျူဟာကို ဆောင်ရွက်ရာတွင် အမေရိကန်သည် အောက်ပါ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် အခြားအစီအမံအားလုံးကို အသုံးချမည်ဖြစ်သည်။

(၁) လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်စေမည်။

(၂) နိုင်ငံများမှ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးသမားများကို အားပေးမည်။ အဆင့်မြင့်တွေ့ဆုံပွဲများ အိမ်ဖြူတော်၊အစိုးရ၊ အမေရိကန် သံရုံးတို့၌ ပြုလုပ်ပေးမည်။

(၃) လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ အရပ်သားအဖွဲ့အစည်းများက လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ သတင်းလွတ်လပ်ခွင့် လွတ်လပ်စွာ ကိုးကွယ်ခွင့် တိုးတက်ဆောင်ရွက်ရန် ကိစ္စများအတွက် နိုင်ငံခြားအထောက်အပံ့ပေးမည်။

(၄) ဒီမိုကရေစီအသိုင်းအဝိုင်း၏ လူ့အခွင့်အရေးကိစ္စရပ်အတွက် စစ်တပ်၏အကူအညီ အထောက်အပံ့နှင့် လေ့ကျင့်ပေးမှုများ၊ ထိန်းချုပ်မှုများ ဆောင်ရွက်ပေးမည်။

(၅) ပစ်မှတ်ထားသော နိုင်ငံအတွက် ပိတ်ဆို့မှုနည်းလမ်းကို အသုံးချမည်။

(၆) ပစ်မှတ်ထားသော နိုင်ငံကို အခြားနိုင်ငံအစိုးရများကပါ အကူအညီအထောက်အပံ့ မပေးအောင် ဆောင်ရွက်မည်။

(၇) မိတ်ဆွေဖြစ်သော ဒီမိုကရေစီနိုင်ငံ အစိုးရများကိုလည်း ပစ်မှတ်ထားသော နိုင်ငံကို လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုးမြှင့်ရေးကိစ္စ တွန်းအားပေးခိုင်းမည်။

(၈) ဒီမိုကရေစီသို့ ရှေးရှုခြေလှမ်းစနေသော အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများသို့ ဒီမိုကရေစီရန်ပုံငွေ ထောက်ပံ့မည်။

(၉) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်သား အဖွဲ့အစည်းများကို မိတ်ဆွေပြုလျက် ၎င်းတို့၏ လုပ်ငန်းများကို ထောက်ကူအားဖြည့်ပေးမည်။

(၁၀) နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ (African Union, EU စသည်ဖြင့်) တို့နှင့် ဒီမိုကရေစီတိုးတက်တည်ဆောက်ခြင်းကို အတူတကွလက်တွဲ လုပ်ဆောင်မည်။

(၁၁) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို စံတင်လောက်အောင် ချိုးဖောက်နေသော အဖွဲ့အစည်းများကို ဝေဖန်ရှုတ်ချမှုများ ပြုလုပ်မည်။

(၁၂) တရားဥပဒေ စိုးမိုးခြင်း၊ လာဘ်စားမှုများ တိုက်ဖျက်ခြင်း၊ ဒီမိုကရေစီကို တာဝန်ခံ ဖော်ဆောင်ခြင်း ပြုလုပ်နေသော နိုင်ငံများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအထောက်အပံ့များရရှိရေး အားပေးဆောင်ရွက်မည်။

(၁၃) အထက်ပါ လုပ်ဆောင်နေသော နိုင်ငံများကို လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူညီချက် (Free Trade Agreement - FTAs) အားပေးဆောင်ရွက်ပေးမည်။

အမေရိကန်နိုင်ငံ၏ လုံခြုံရေးသေနင်္ဂဗျူဟာ ဖော်ပြချက်များကရှင်းပါသည်။ ၎င်းတို့၏ အကျိုးစီးပွားအတွက် မြန်မာအပါအဝင် မြောက်ကိုရီးယား၊ အီရန်၊ ဆီးရီးယား၊ ကျူးဘား၊ ဘီလာရုစ်၊ ဇင်ဘာဘွေ နိုင်ငံများအား အထက်ပါအတိုင်း ဖြောင်ကျကျ ဝင်ရောက်စွက်ဖက်မည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့ မြန်မာနိုင်ငံကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်စေချင်သူများသည် မိမိတို့ အကျိုးစီးပွားကို

> **မိမိတို့ မြန်မာနိုင်ငံကို နှစ်ပေါင်းထောင်ချီ၍ ဤတိုင်းရင်းသား လူမျိုးစုများဖြင့် တည်ဆောက်ခဲ့ကြသည်။ ကိုယ်ပိုင်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နိုင်ငံပိုင်နက် နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများရှိသော နိုင်ငံဖြစ်သည်။ ရဲရင့်ဖျတ်လတ် လျင်မြန်သော၊ခိုင်မာသည့်ဆုံးဖြတ်ချက်ချနိုင်သော၊ အသိဉာဏ် မြင့်မားသော နိုင်ငံသားများရှိသည်။ သယံဇာတ အရင်းအမြစ်များစွာရှိသည်၊ တစည်းတလုံးတည်း စုစည်းညီညွတ်စွာဖြင့် ကြိုးစားရုံသာရှိသည်။**
>
> **မိမိတို့၏ အမျိုးသား အကျိုးစီးပွားကို မိမိတို့ပဲ ကာကွယ်ရမည်၊ အောင်မြင်အောင် တည်ဆောက်ရမည်။ မြန်မာ့တန်ဖိုး (Myanmar Values) ကို သက်ဆုံးတိုင် ထိန်းသိမ်းကြရမည်။**

မိမိတို့တည်ဆောက်ကာကွယ်ရမည်သာဖြစ်ပါသည်။ မိမိတို့တိုင်းသူပြည်သားများ၊ တိုင်းရင်းသားများကသာ တစည်းတလုံးတည်းသော စည်းလုံးညီညွတ်မှု အင်အားဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရပေမည်။ နှစ်ပေါင်းရာချီ၍ မိမိတို့အပေါ် မကောင်းခဲ့သူများသည် ၎င်းတို့အလိုကျမဖြစ်သရွေ့ မိမိတို့အပေါ် ကောင်းလိမ့်မည်မဟုတ်။ ၎င်းတို့ အလိုကျဖြစ်လျှင်လည်းကောင်းလိမ့်မည်ဟု ယုံကြည်၍မရ။

မိမိတို့ မြန်မာနိုင်ငံကို နှစ်ပေါင်းထောင်ချီ၍ ဤတိုင်းရင်းသားလူမျိုးစုများဖြင့် တည်ဆောက်ခဲ့ကြသည်။ ကိုယ်ပိုင်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နိုင်ငံပိုင်နက် နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများရှိသော နိုင်ငံဖြစ်သည်။ ရဲရင့်ဖျတ်လတ်လျင်မြန်သော၊ခိုင်မာသည့်ဆုံးဖြတ်ချက်ချနိုင်သော၊ အသိဉာဏ်မြင့်မားသော နိုင်ငံသားများရှိသည်။ သယံဇာတအရင်းအမြစ်များစွာရှိသည်၊ တစည်းတလုံးတည်း စုစည်းညီညွတ်စွာဖြင့် ကြိုးစားရုံသာရှိသည်။ မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို မိမိတို့ပဲ ကာကွယ်ရမည်၊ အောင်မြင်အောင် တည်ဆောက်ရမည်။ မြန်မာ့တန်ဖိုး (Myanmar Values)ကို သက်ဆုံးတိုင် ထိန်းသိမ်းကြရမည်။

**သခင်လုပ်မှာလား၊ ကျွန်လုပ်မှာလား၊ မေးစရာမလို။ ကျွန်ုပ်တို့သည် သခင်ဖြစ်သည်။ ။**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၉-၄-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ ကချင်ပြည်နယ် မိုးကောင်းတံတား
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၆။ နိုင်ငံခြား ကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
- ၁:၀၅ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၁:၁၅ ၈။ **"သစ်ကောင်းတစ်ပင်" (နဒီစိုး၊ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊မိုးယံထက်၊ ရန်ပိုင်စိုး၊မောင်ဂျွန်) (ဒါရိုက်တာ-မိုးထက်လူ-သစ်တော)**
- ၁:၃၀ ၉။ အဆိုပြိုင်ပွဲ
- ၁:၄၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁:၅၅ ၁၁။ ပိုင်ကျုံရေထိန်းတံခါး
- ၂:၀၅ ၁၂။ အကပြိုင်ပွဲ
- ၂:၁၅ ၁၃။ **"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
- ၂:၃၀ ၁၄။ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ(အပိုင်း-၁)
- ၂:၄၅ ၁၅။ International News.
- ၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒ၊ဓာတုဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၀၅ ၆။ နားဝင်ပီယံသူ့လက်သံ
- ၅:၁၀ ၇။ အကပြိုင်ပွဲ
- ၅:၂၀ ၈။ တေးဂီတအစီအစဉ်
- ၅:၃၅ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ Discovery
- ၆:၅၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၉)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်" (အပိုင်း-၃၉)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

❍ စာမျက်နှာ ၇ မှ

အစီအစဉ်အရ ပြည်နယ်နှင့် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ စစ်ကိုင်းတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာရီရီလွင်က လည်းကောင်း၊ တနင်္သာရီတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန္တာမျိုးဝင်းကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့)အတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်းကလည်းကောင်း၊ ပဲခူးတိုင်း (အနောက်)အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာကလည်းကောင်း၊ မကွေးတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေးက လည်းကောင်း၊ မွန်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာမေသက်ဆွေကလည်းကောင်း၊ မန္တလေးတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မေသစ်က လည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းကြည်ကလည်းကောင်း၊ ရန်ကုန်တိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းသင်းလေးက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နန်းကိန်းဖောင်းတစ်က လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက လည်းကောင်း၊ ဧရာဝတီတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ စောသန္တာမြင့်က လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ပြည်နယ်နှင့် တိုင်းကိုယ်စားလှယ်များက တင်သွင်းကြသည့် အစီရင်ခံစာများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးပြီး နှစ်ပတ်လည်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

# ကျိုင်းတုံမြို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၂၈**

ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ကြီးသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နွေရာသီကျောင်းပိတ်ရက်အခြေခံယဉ်ကျေးမှု အတီး(စောင်း)နှင့် အကသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ဒေသကြီးကြပ်ရေးမှူးဦးတင်မောင်အေးနှင့် ဝန်ထမ်းများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြသည်။

ဝန်ကြီးက တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကျိုင်းတုံမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး နွေရာသီ ကျောင်းပိတ်ရက်ကာလ ကျောင်းသား၊ ကျောင်းသူများ မြန်မာတူရိယာများ တီးခတ်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေး၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ တင်ပြချက်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

# ဓမ္မာရုံကျောင်းဆောင်သစ် ရေစက်ချ မင်္ဂလာအခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၂၈**

ဥဿဝတီသာသနာပြုကျောင်းတိုက်၌ ကိန်းဝပ်စံပယ်တော်မူမည့် မဟာမုနိရုပ်ပွားတော်မြတ် ဘုရားအနေကဇာတင်နှင့် နှစ်ထပ်ဓမ္မာရုံ ကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာ အခမ်းအနားကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်၍ ကုသိုလ်ကောင်းမှုပြုနိုင်ကြပြီး အမျှပေးဝေ သာဓုခေါ်ယူနိုင်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

# မုန်တိုင်းမိုးကြောင့် သီးနှံများ မပျက်စီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းများ နှိုးဆော်ချက်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းအဖြစ်သို့ ရောက်ရှိမှုကြောင့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများတွင် အချိန်ခါမဲ့ မိုးရွာမည်ဟု သိရှိရပါသည်။

အချိန်ခါမဲ့မိုးရွာမှုကြောင့် လက်ရှိစိုက်ပျိုးထားသော သီးနှံများ မပျက်စီးစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အောက်ပါအတိုင်း နှိုးဆော်အပ်ပါသည်–

**နွေစပါး**

- ရင့်မှည့်နေသောနွေစပါးများကို မိုးရွာနေချိန်တွင် ရိတ်သိမ်းခြင်း မပြုရန်။
- ရိတ်သိမ်းပြီးစပါးများကို တလင်းထဲတွင် ကောက်ပြန့်စနစ်မလုပ်ဘဲ ဖုံးအုပ်၍ထားရန်။
- ရိတ်သိမ်းပြီးစပါးများကို စက်ဖြင့် ချက်ချင်းခြွေလှေ့ရန်နှင့် ခြွေလှေ့ပြီးပါက အမိုးအကာအောက်တွင်ထားရန်။
- မိုးမိခဲ့ပါက မိုးပြတ်လျှင်ပြတ်ချင်း စပါးများကို ချက်ချင်းနေလှန်းရန်။

**နွေနှမ်း**

- စိုက်ခင်းများအတွင်း ရေမဝပ်စေရန် ရေနုတ်မြောင်းများ ကြိုတင်ပြင်ဆင်ထားရန်။
- မိုးရွာလာပါက စိုက်ခင်းများအတွင်း ရေမဝပ်စေဘဲ ရေကို အနိမ့်ပိုင်းသို့ စီးဆင်းစေရေးဆောင်ရွက်ရန်။

**ဝါ**

- ဝါစိုက်ခင်းများအတွင်း စိမ့်မြောင်းပတ်မြောင်းများပြုပြင်၍ ရေပိုရေလျှံများ ချက်ချင်းထုတ်ရန်။
- မိုးပြတ်ပါက ပေါင်းရှင်းခြင်း၊ ကြားလိုက်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်။

**ကြံ**

- ကြံစိုက်ခင်းများအတွင်း ရေမဝပ်စေရန် ရေနုတ်မြောင်းများ ကြိုတင်ပြင်ဆင်ထားရန်။
- မိုးရွာလာပါက စိုက်ခင်းများအတွင်း ရေမဝပ်စေဘဲ ရေကို အနိမ့်ပိုင်းသို့ စီးဆင်းစေရေးဆောင်ရွက်ရန်။
- အပင်ယိုင်လဲခဲ့ပါက မြေတောင်မြှောက်ခြင်း၊ မြေဩဇာထည့်ခြင်းများ ဆောင်ရွက်ရန်။

**ဂုန်လျှော်**

- ဂုန်လျှော်အပင်ပေါက်လေးများ မိုးမိပြီး အပင်မသေစေရန်အတွက် ရေထုတ်မြောင်းများ ပြုလုပ်ပြီး ရေကို အနိမ့်ပိုင်းသို့စီးဆင်းစေရေး ဆောင်ရွက်ရန်။
- အပင်(၁)လသားခန့်ရပါက မိုးပြတ်ပြီးချိန်တွင် ပေါင်းရှင်းသားခွဲ၍ ပုလဲဓာတ်မြေဩဇာကျွေးရန်။

မိုးပြတ်သွားလျှင် မြေအစိုဓာတ် လုံလောက်စွာရရှိပြီးဖြစ်သည့်အတွက် မိုးစပါးနှင့် မိုးသီးနှံများအတွက် မြေယာပြင်ဆင်ခြင်းလုပ်ငန်းကို ချက်ချင်းဆောင်ရွက်ရန်နှင့် လိုအပ်ပါက လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ဆက်သွယ်ရန် နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**မွန်ပြည်နယ်၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာမေသက်ဆွေ ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**မန္တလေးတိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ရခိုင်ပြည်နယ်၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းကြည် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ရန်ကုန်တိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းသင်းလေး ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာနန်းကိန်းဖောင်းတစ် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

**ဧရာဝတီတိုင်း၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့် ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

# မေလအတွက် မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်

**ရန်ကုန် မေ ၂၈**

အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယရက်သတ္တပတ်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းသို့ စတင် ဝင်ရောက်ဖွယ်ရာရှိသည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်တင့်ဖြစ်ထွန်းမည်။

မိုးအခြေအနေများမှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၂၁ရက်မှ ၂၅ရက်ခန့်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၁၆ရက်မှ ၂၀ရက်ခန့်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ရှစ်ရက်မှ ၁၅ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒဂုံဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် ရတ်တရက်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်ဖွယ်မရှိပါ။

(29-4)10.P65 1 1/1/32, 10:42 AM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ဌာနဆိုင်ရာများ လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်နှင့် လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

✱ **ကျောဖုံးမှ**

အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ကျေးလက်နေပြည်သူများ ဗဟုသုတ တိုးပွားရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တစ်နိုင်ငံလုံး၌ ထူထောင်ပေးလျက်ရှိကြောင်း၊ ယခုအခါကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၅၄ ခု ရှိပြီဟုသိရကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျေးရွာပေါင်း ၃၂၄၇ ရွာအနက် ကျေးရွာ ၁၉၈၅ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်၍ ၆၁ ရာခိုင်နှုန်း ဖွင့်လှစ်နိုင်ပြီဖြစ်ပါကြောင်း။

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းသည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ စေတနာရှင် ပြည်သူများက စာအုပ်စာပေနှင့် စာပေဒါနများကို စေတနာထက်သန်စွာ လှူဒါန်းကြ၍လည်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင်လည်း ဒေသနေပြည်သူများက စေတနာထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြ၍ ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အကျိုးတရားများခံစားရရှိ**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေ လူကြီး၊ လူငယ် ပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်းနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း၊ သမီးကောင်း ရတနာများပေါ်ထွန်းလာစေခြင်းစသည့် အကျိုးတရားများ ခံစားရရှိကြမည်ဖြစ်ကြောင်း။

ယင်းသို့ အကျိုးကျေးဇူးများပြားလှသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေ၊ ပစ္စည်းနှင့် စာအုပ်စာပေ လှူဒါန်းကြသော အလှူရှင်များအား ကောင်းမြတ်သော အသိပညာဗဟုသုတများ တိုးပွားရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းရင်း စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

**ကိုယ့်အားကိုယ်ကိုး**

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာပေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည့် အလှူရှင်များအား ကျေးလက်နေပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာဖြင့်အရာရာကို စေစားနိုင်သည့် အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲ သင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်အောင် ကိုယ်တိုင်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ လူငယ်လူရွယ်များသည် နိုင်ငံတကာအဆင့်မီ ပညာရပ်များကို အလွယ်တကူ သင်ယူနိုင်ခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

သို့ရာတွင် ကျေးလက်နေ ပြည်သူများအတွက် အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းနည်းပါးနေသေးသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ရာ ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း။

**အမျိုးသားရေးတာဝန်ကျေပွန်**

မိမိတို့အနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေး စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံတွင် ကျေးရွာ ၆၁၉၄၉ ရွာ ရှိသည့်အနက် ၂၀၀၆ ခုနှစ် ဧပြီ ၁၈ရက်အထိ တစ်နိုင်ငံလုံး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၅၄ ခုကို ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၉၈၅ ခု ရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ပြီဟု ဆိုနိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသော နိုင်ငံမှာ မိမိတို့နိုင်ငံဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံကြီးများ၌ပင် ကျေးရွာတိုင်း၌ စာကြည့်တိုက် မရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

**အရေးပါ**

ဤကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်၊ ပြည်သူနှင့် စေတနာရှင်၊ အလှူရှင်တို့၏ အားများကြောင့်ပင်ဖြစ်ကြောင်း၊ စေတနာရှင်၊ အလှူရှင် ပြည်သူများ၏ အားမှာ အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၁)ကြိမ် ကျင်းပပြီးစီးခဲ့ရာတွင် လှူဒါန်းသည့် စာအုပ် စုစုပေါင်းမှာ ၁၇ သိန်းကျော်ရှိ၍ ယင်းစာအုပ်များ၏ တန်ဖိုးမှာ ငွေကျပ် ၁၂၀၃ သိန်းကျော် ဖြစ်ကြောင်း၊ ထို့အတူ ငွေသားအလှူ တန်ဖိုးမှာ ငွေကျပ်သိန်း ၅၆၀ ကျော် ဖြစ်ကြောင်း။

ယနေ့ လှူဒါန်းလိုက်သော စာအုပ်စာတမ်းနှင့်ပစ္စည်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

**လေ့ကျင့်ပျိုးထောင်**

ထူထောင်ပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အရှည်တည်တံ့ခိုင်မြဲအောင် ရေရှည်လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေ ပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်ရေး၊ ရရှိပြီး စာအုပ်စာတမ်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရသကဲ့သို့ စာအုပ်စာတမ်းအသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူထားရှိရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့်ကျေးရွာများ၌ အဆောက်အအုံဖြစ်လာအောင် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင်ပရိဘောဂပစ္စည်းများ စုံလင်ရှိလာအောင် ဆောင်ရွက်ရေးနှင့် စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာအောင် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

**အားလေးအား**

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဖွဲ့စည်းပြီးဖြစ်သော စာကြည့်တိုက်ကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မိမိတို့ ဝန်ကြီးဌာန ဝန်ထမ်းများဟူသော အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသွားသည်။

**ပြန်လည်ပေးအပ်**

ယင်းနောက် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၁လက်မ ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၅၀ ကိုလည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ ကိုလည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)မှလှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက် ၁၂ လုံး၊ ၁၄ လက်မ ရုပ်မြင်သံကြားဖမ်းစက် သုံးလုံးတို့ကိုလည်းကောင်း၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ၁၀ လုံးနှင့် ရေဒီယို အလုံး ၃၀ ကိုလည်းကောင်း၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ၁၃ လုံးကိုလည်းကောင်း၊ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်ကိုးလုံး၊ ကက်ဆက် ၁၀ လုံးနှင့် စာအုပ်မျိုးစုံတို့ကိုလည်းကောင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆည်မြောင်းဦးစီးဌာနက လှူဒါန်းသော ငွေကျပ် ၁၀၀၀၀၀တို့ကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာနက လှူဒါန်းသော ငွေကျပ် ၅၀၀၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဌာနဆိုင်ရာများက လှူဒါန်းသော ကက်ဆက်တစ်လုံး၊ ရေဒီယိုငါးလုံး၊ စာအုပ်မျိုးစုံ ၇၅၀၊ စားပွဲ၊ ကုလားထိုင် တစ်စုံနှင့် ဦးစိုင်းအင် - ဒေါ်နန်းဆိုင်ဖောင်းတို့ လှူဒါန်းသောငွေကျပ် ၂၀၀၀၀၀ တို့ကိုလည်းကောင်း အသီးသီးလက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဦးမြင့်သိန်း (ရွှေမြို့တော်မော်တော်ယာဉ်) လှူဒါန်းသောငွေကျပ် ၁၀၀၀၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၂)နှင့် အထူးဒေသ(၄)တို့က လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးစီနှင့် ကျိုင်းတုံတပ်နယ်က လှူဒါန်းသော ငွေကျပ် ၁၂၃၀၀၀တို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**လှူဒါန်း**

ယနေ့ကျင်းပသောအခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင် ၈၉ဦးတို့က ရုပ်မြင်သံကြားဖမ်းစက် ၅၁ လုံး၊ ကက်ဆက် ၁၁ လုံး၊ ရေဒီယို ၃၅ လုံး၊ စာအုပ်စာစောင်မျိုးစုံ ၄၆၄၆ အုပ်၊ ငွေသားအလှူငွေကျပ် ၂၇၁၁၅၀၀ တို့ကို လှူဒါန်းကြရာ ပစ္စည်းတန်ဖိုး ငွေကျပ် ၅၃၄၉၄၅၀၊ စာအုပ်စာစောင် တန်ဖိုးငွေကျပ် ၇၇၉၀၀၀ဖြစ်ပြီး ငွေသားအလှူငွေ အပါအဝင် စုစုပေါင်းငွေကျပ် ၈၈၃၉၉၅၀ လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၉၈၅ တိုက် ဖွင့်လှစ်ပြီးစီးခြင်းနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မဟာသွံ့သာရ ဗုဒ္ဓပူဇနီယပွဲတော်

**ရန်ကုန် ဧပြီ ၂၈**

အင်းစိန်ဘိုကုန်း တောင်သူကုန်းရပ်ကွက် ဇေယျာသိဒ္ဓိ မဟာသွံ့သာရ ဘုရားကျောင်းတွင် သီတင်းသုံးနေသည့် မဟာသွံ့သာရ ရုပ်ရှင်တော်မြတ်ကြီး နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓပူဇနီယပွဲတော်ကို မဟာသွံ့သာရ ဆရာတော် ပဌမကျော်၊ ဓမ္မာစရိယ B.Sc မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုမာရ ကြီးမှူး၍ မေ ၁၁ ရက် နံနက် ၉ နာရီတွင် ပင့်သံဃာ ၈၁ ပါးကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကျင်းပမည်ဖြစ်ပြီး ပန်း၊ သစ်သီးများ ဆက်ကပ်ပူဇော်လိုသူများသည် ဧပြီ ၁၀ ရက် ညနေမှစ၍ လာရောက် ကုသိုလ်ပြုနိုင်ကြောင်း သိရသည်။ (က-ပ)

## သီတဂူ ရေအလှူတော် တရားပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၈**

သီတဂူဆရာတော် အရှင်ဉာဏိဿရ (D. Litt) (Ph.D) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက၊ ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ ရေအလှူတော်တရားပွဲကို မေ ၅ ရက် (ကြာသပတေးနေ့) ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ မဟာဇေယျ အတုလ မာရဇိန်ကြေးသွန်းဘုရားကြီးတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

# ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်နိုင် ကြက်၊ကြက်ဥကုန်စည်များ စိစစ်မှုဖြင့် သယ်ဆောင်ရောင်းဝယ်ခွင့်ပြု

ရန်ကုန် ဧပြီ ၂၈

**မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းရှိ မြို့နယ်(၁၃)မြို့နယ်၌ ၂၀၀၆ ခုနှစ် မတ်လဆန်းမှစတင်၍ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ စီမံခန့်ခွဲပံ့ပိုးမှုများနှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှုကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မွေးမြူသူများပူးပေါင်း၍ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရောဂါဖြစ်ပွားမှုရပ်တန့်ခဲ့ရာ ယမန်နေ့ထိ ခင်ဦးမြို့နယ်တွင် အများဆုံး ၃၄ ရက်၊ ကျောက်ဆည်မြို့နယ်တွင် အနည်းဆုံး ရက် ၂၀ ထိ ရောဂါထိန်းချုပ်နိုင်ပြီဖြစ်သည်။**

အဆိုပါရောဂါဖြစ်ပွားခဲ့သော မြို့နယ်များတွင် ကြက်ငှက်တုပ်ကွေးပိုးရပ်စ်ပိုး ပြန်လည်ရှင်သန်မှုရှိ-မရှိ ဆန်းစစ်နိုင်ရန် ကြက်မွေးမြူရေးခြံများသို့ကွင်းဆင်း၍ ကြက်သေဆုံး မှုနှုန်း စစ်ဆေးခြင်း၊ ကြက်တုပ်ကွေး၏ ရောဂါသွင်ပြင်လက္ခဏာများ စစ်ဆေးခြင်းနှင့် သွေးရည်ကြည်၊ လေပြွန်နှင့်စအိုမှ နမူနာများ ကောက်ယူစစ်ဆေးခြင်း လုပ်ငန်း(၃)ရပ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ရောဂါဖြင့် ကြက်သေဆုံးမှုနှင့် ရောဂါသွင်ပြင်လက္ခဏာမျိုး မတွေ့ရှိရသည့်အပြင် ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းအတွက် မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း ယမန်နေ့ထိ သွေးရည်ကြည်နမူနာ(၆၂၅)ခုနှင့် လေပြွန်မှနမူနာ(၆၀)ခု ကောက်ယူစစ်ဆေးခဲ့ရာ H5N1 ရောဂါပိုးမရှိကြောင်း စစ်ဆေးတွေ့ရှိ ရသည်။

ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များတွင် ရောဂါစတင်ဖြစ်ပွားသည်မှစ၍ ကြက်၊ ဘဲ၊ ကြက်ဥ၊ ဘဲဥ ရောင်းဝယ်သယ်ဆောင်မှုကို ယာယီပိတ်ပင်ခဲ့ရာမှ ယခုအခါ အခြားဒေသများသို့ သယ်ဆောင်ရောင်းချခွင့်မရှိသော်လည်း အဆိုပါမြို့နယ်များအတွင်း သယ်ဆောင်ရောင်းဝယ်နိုင်ပြီ ဖြစ်သည်။ ရောဂါမဖြစ်ပွားသည့် ပြည်နယ်/တိုင်းများတွင်လည်း ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကြက်၊ ဘဲ ထွက်ကုန်စည်များကို ပိတ်ပင်ခဲ့ရာမှ အဆိုပါပြည်နယ်/ တိုင်းဒေသ အချင်းချင်းနှင့် ရောဂါဖြစ်ပွားခဲ့သည့် မြို့နယ်များအပါအဝင် ဒေသအားလုံးသို့ ပို့ဆောင်ရောင်းချမှုများ စတင်ခွင့်ပြုဆောင်ရွက်လျက် ရှိနေပြီဖြစ်ရာ ယမန်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးမြို့သို့ ကြက်ဥ ၃ဒသမ၂၅သိန်းနှင့် ကျောက်ပန်းတောင်းမြို့သို့ ကြက်ဥ ၁ဒသမ၀၇သိန်းကို မှိုင်းတိုက် ပိုးသတ်၍လည်းကောင်း၊ ဧရာဝတီတိုင်းမှ ရန်ကုန်တိုင်းသို့ ကြက်ကောင်ရေ ၁၃၆၀၅ ကောင်၊ ဘဲကောင်ရေ ၃၂၀ နှင့် ကြက်ဥ၊ ဘဲဥ ၈ ဒသမ ၃ သိန်းကိုလည်းကောင်းကို တင်ပို့ရောင်းချနိုင်ခဲ့ပြီးဖြစ်သည်။ ထိုသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သက်ဆိုင်ရာ ဒေသရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများနှင့်မြို့နယ် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနဝန်ထမ်းများ၏ တိရစ္ဆာန်ကျန်းမာ ရေး ထောက်ခံချက်များအပေါ် ဒေသအာဏာပိုင်၏ခွင့်ပြုချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်မှု ကော်မတီ တို့၏ စိစစ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်တားဆီးရေးနှင့် အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်နှင့် သတိပြုလိုက်နာရန်များကို မြန်မာ့ရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာ များနှင့် အပတ်စဉ်ထုတ်ဂျာနယ်များမှတစ်ဆင့် ထုတ်လွှင့်ဖော်ပြလျက်ရှိပြီး၊ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် မြေစိုက်ပိုစတာများ စိုက်ထူခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဂျပန်နိုင်ငံ အစိုးရ၏ အကူအညီဖြင့် ယူနီဆက်၊ ကျန်းမာရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ၂၀၀၆ ခုနှစ် မေလအတွင်း စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်နှင့် အခြားဒေသများသို့ ကွင်းဆင်း၍ ပြည်သူသို့ အသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းများကို သုံးသပ်စိစစ်ပြီး တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

# ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ၌ တရားအားထုတ်ဆောင်အတွက်အလှူငွေပေးအပ်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၌ ဆောက်လုပ်ဆဲ နှစ်ယောက်တွဲ တရားအားထုတ်ဆောင်အတွက် အလှူငွေ ပေးအပ်ပွဲကို ဧပြီ ၂၇ရက်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးကြီးရှိ မြန်မာမန်း ရေလုပ်ငန်းကုမ္ပဏီဆိပ်ခံတံတား မင်္ဂလာ မဏ္ဍပ်၌ ကျင်းပရာ အလှူရှင် မြန်မာမန်းရေလုပ်ငန်း ကုမ္ပဏီဥက္ကဋ္ဌ ဦးတီတိုး-ဇနီး ဒေါ်နန်းအိအိစံနှင့်မိသားစုက ဆောက်လုပ်ဆဲနှစ်ယောက်တွဲ တရားအားထုတ်ဆောင် တစ်ဆောင်အတွက် အလှူငွေကျပ်သိန်း ၃၀ကို ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပညာသာရထံ ဆက်ကပ်လှူဒါန်းကြသည်။

**(အပေါ်ပုံ)**

ထို့နောက် အလှူရှင် မိသားစုများနှင့်လုပ်ငန်းရှင်များက လှူဒါန်းသည့် ဆွမ်းဆန်တော် ၂၂အိတ်၊ ဆီ ၂၃ပိဿာ၊ ရေသန့်ဘူး ၅၀၀၊ ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် ဗလာစာအုပ် ၂၄၀နှင့် ဘောပင် အချောင်း ၁၀၀တို့ကို ဦးဆောင်ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးအောင်ဆန်းက လည်းကောင်း တရားအလှူပွဲ၌ ဓမ္မမိတ်ဆွေများ၏ လှူဖွယ်ဝတ္ထု အစုစုနှင့် အလှူငွေ ကျပ် ၁၅၆၅၅၀တို့ကို ဦးဆောင်ဒါရိုက်တာ အဖွဲ့ဝင်(၂) ဦးသန့်ဇင်က လည်းကောင်း ပန်းတစ်ပွင့်တောင် ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၌ နှစ်ယောက်တွဲ တရား အားထုတ်ဆောင်များကို ဆောက်လုပ်လျက်ရှိရာ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဝေယျာဝစ္စအဖွဲ့ ဖုန်း-၀၅၅-၂၀၂၅၉ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၉-၄-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | မေးကြည့်ဖြေကြည့်ပဟေဠိ |
| ၇း၂၅ | နှင်းဆီပင်စိုက်ကြရအောင် |
| ၇း၄၀ | တေးဂီတအစီအစဉ် |
| ၇း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | Movie Talk (Titanic ဖန်တီးမှု) (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဦးခင်မောင်ဌေး) |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | လူငယ်အာဟာရ (ဖိုးကာနှင့်တွေ့ဆုံခြင်း) |
| ၁၀း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | ဆီးချို၊ သွေးချိုရောဂါအကြောင်း ဟောပြောချက် အပိုင်း(၁) |
| ၁၀း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ | စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သဘော်အကြွပ်ယိုမုန့် ပြုလုပ်နည်း) |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ | Myanmar Futsal အသင်း၏ ကြိုတင်ပြင်ဆင်မှုများ |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

## English Premier League

**ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် |
|---|---|
| ၄း၃၀ | ပရီးမီးယားပွဲကြို သုံးသပ်ချက်(၁) (ကျောက်ဘီလူး တင်မောင်ဆွေ၊ နေမျိုးသူရ၊ ပြည့်ဖြိုးဟန်) **လိုင်း** 5-Sports (Live) |
| ၅း၃၀ | EPL ပွဲကြို သုံးသပ်ချက် **လိုင်း** 5-Sports (Live) |
| ၅း၅၅ | Chelsea - Man:U **လိုင်း** 5-Sports (Live) |
| ၈း၂၄ | Birmingham - New Castle **လိုင်း** 5-Cartoons (Live) |
| ၈း၂၅ | Liverpool - Aston Villa **လိုင်း** 5-Sports (Live) |
| ၁၀း၃၀ | Wigan - Portsmouth **လိုင်း** 5-Cartoons (Live) |
| ၁၀း၄၀ | Charlton - Blackburn **လိုင်း** 5-Sports (Live) |
| ၁း၀၀ | Final Score **လိုင်း** 5-Sports (Live) |

# ဆံပင်မပေါက်သူများအားအခမဲ့ကုသပေးမည်

**ရန်ကုန် ဧပြီ ၂၈**

ဆံပင်ကျန်းမာရေးချို့တဲ့သူများ ဆံပင်ကျန်းမာရေးပြန်လည်ကောင်းမွန်ရန်၊ ဆံပင်ကျန်းမာရေး ကြိုတင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ ထိပ်ပြောင်ထိပ်ကွက် ဆံပင်ကျဲသူများ ဆံပင်ကျန်းမာရေးအတွက် ဆံပင်ပေါက်ဆေး ၁၀၁ ကုန်ပစ္စည်း မိတ်ဆက်ပွဲကို ဧပြီ ၂၈ရက်က ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်တွင် ကျင်းပရာ ဆံပင်ပေါက်ဆေးရှာဖွေတွေ့ရှိသူ မစ္စတာ ကျောက်ကျန်းကွမ်း တက်ရောက်အမှာစကားပြောကြားသည်။

**မေတ္တာဖြင့်ကုသပေး**

ဆံပင်ကျန်းမာရေးဝန်ဆောင်မှုပြုလုပ်သူများအတွက် 101 Hair Regrow Centre(1) ကို ၁-၁၁-၂၀၀၅ရက်တွင် ရန်ကုန်မြို့အမှတ် (၁၁၅)၊ လမ်း ၂၀၊ လသာမြို့နယ် ဖုန်း-၂၅၁၂၃၀၌လည်းကောင်း Centre(2) ကို ၁၉-၄-၂၀၀၆ရက်တွင် အမှတ်(၁၅)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ် ဖုန်း-၇၀၈၃၁၇၌ လည်းကောင်း၊ ဖွင့်လှစ်ခဲ့ပြီး အဆိုပါဌာနနှစ်ခုတွင် ထိပ်ကွက်ကျားပြောင်နှင့် တစ်ခေါင်းလုံးပြောင်ဝေဒနာရှင် ၁၀၁ဦးအထိ ဇူလိုင် ၃၁ ရက်မတိုင်မီ သွားရောက်စာရင်းပေးသွင်းပါက ဆေးဘူးတန်ဖိုးနှင့် ဝန်ဆောင်ခလုံးဝမယူဘဲ မေတ္တာဖြင့် အခမဲ့ကုသပေးမည်ဖြစ်သည်။

(သတင်းစဉ်)

**ဆံပင်ပေါက်ဆေး ၁၀၁ ကုန်ပစ္စည်း မိတ်ဆက်ပွဲ ကျင်းပစဉ်။**

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာ ကျောင်းတော်ကြီးဖြစ်မြောက် ရေးအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်းမှ ကွယ်လွန်သူဖခင်ဦးလှရီ (ချောက်) အားရည်စူး၍ ဒေါ်ပန်းအိနှင့် သားသမီး မြေး မြစ် တစ်စုက ငွေကျပ် ၂၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၉-၄-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | ကျန်းမာရွှင်လန်းယောဂအစွမ်း |
| ၇း၁၅ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | **ဆရာတော်ဦးဇောတိက တရားတော် ဣန္ဒြေငါးပါးအင်အားညီမှ** |
| ၉း၁၀ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၉း၁၁ | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၁၅ | ၄။ | မြန်မာ့ရှုခင်း |
| ၁၂း၃၅ | ၅။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၅၀ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အဖွင့်အပိတ် (အပိုင်း-၁)** |
| ၁း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၁း၅၉ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၂း၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကျန်းမာရွှင်လန်းယောဂအစွမ်း |
| ၄း၁၅ | ၄။ | ချစ်သူစုံတွဲတူယှဉ်နွဲ့ |
| ၄း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၃၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၄၅ | ၇။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၁၅ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၂၅ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၅း၃၅ | ၁၀။ | ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၂။ | °°°°**English Premier League ဘောလုံးပွဲအစီအစဉ် – Chelsea Vs Manchester °°°United(Live)** |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပါရမီရှင် သိုင်းလုလင် (အပိုင်း-၃၆)** |
| °°°°°°°°°° | ၁၇။ | သင့်အတွက်မနက်ဖြန် |
| | ၁၈။ | အပိတ်နှုတ်ဆက်စကား |
| | ၁၉။ | ပြီးပါပြီ။ |

## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဧပြီ ၂၈**

ဒေါက်တာ M. JA NAW (မျက်စိဆေးရုံအုပ်ကြီး)သည် ကစားဖော်များ ဖြစ်ကြသော ဦးအောင်ထက်ဒိုး၊ ဦးမြဆွေ၊ ဦးမြတ်ခိုင်တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ PRECEIPT NO.33 ဘောလုံးကို PING EYE II IRON NO.7 သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ-နိကျောင်းတိုက်ကြီးများရှိ ပိဋကတ် တစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ နှစ်ပုံခွဲဆောင်၊ သုံးပုံဆောင်၊ သုံးပုံအောင် ဆရာတော်သံဃာတော်များ ပိဋကတ်စာပေများ ကြိုးစားနိုင်ရန် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊အချိုရည်များ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ပဲခူးတိုင်း ကဝမြို့နယ် သပြုရွာနေ ဦးအောင်ခင်-ဒေါ်ဆိတ်မိသားစုတို့က ဆွမ်းပဒေသာပင် အပင် ၁၀၀အတွက် ကျပ် ၁၀ သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေး ဈေးသူဈေးသားများ၏ (၂၆) ကြိမ်မြောက် အသံစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၉ရက်မှ ၂၃ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပရာ ပိတ်ပွဲအခမ်းအနားတွင် ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုန္ဒကထံ ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်အောင် (သင့်မိတ်ဆွေကဖီး)က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ကျင်းပ ဘာစီလိုနာအသင်း ၁၂နှစ်အတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်

## ပြည်ပအားကစား သတင်းများ

**ဘာစီလိုနာ ဧပြီ ၂၇**

ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ဘာစီလိုနာအသင်းနှင့် အေစီမီလန်အသင်းတို့ စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့ကြသည်။ ဘာစီလိုနာအသင်းသည် နှစ်ပွဲပေါင်းရလဒ် ၁-၀ ဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ ၁၂ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရရှိပြီ ဖြစ်သည်။

အီတလီနိုင်ငံ မီလန်မြို့ရှိ ဆန်စီယိုကွင်း၌ လွန်ခဲ့သည့်ရက်သတ္တပတ်က ကျင်းပခဲ့သည့် ပထမအကျော့ပွဲတွင် လူဒိုဗစ်ဂူလီ၏ ဂိုးဖြင့် အနိုင်ရရှိခဲ့သော ဘာစီလိုနာအသင်းသည် ယခုပွဲတွင် သရေကျသော်လည်း ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် မေ ၁၇ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတေဒီဖရန့်ခ်အားကစားကွင်းတွင် ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ၌ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယခုပွဲတွင် အေစီမီလန်ဂိုးသမား ဒီဒါ ဂိုးသွင်းမခံရရေးအတွက် အစွမ်းကုန်ကာကွယ်သွားနိုင်သည်ကို တွေ့ရှိရသည်။ ပထမပိုင်းတွင် ဘာစီလိုနာတိုက်စစ်မှူး ဆမ်မြူယယ်အီတိုးက အပိုင်ဂိုးသွင်းခွင့် နှစ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးမဝင်ခဲ့ပေ။ ထိုနည်းတူပင် ဒုတိယပိုင်းတွင် အရန်တိုက်စစ်မှူး ဟင်းနရစ်လာဆင်က ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းရာတွင်လည်း ဂိုးသမား ဒီဒါကာကွယ်နိုင်ခဲ့သည်။

ပွဲချိန် ၆၉ မိနစ်တွင် အေစီမီလန်တိုက်စစ်မှူး အင်ဒရေရှက်ဗ်ချင်ကိုက ရှစ်ကိုက်အကွာမှနေ၍ ခေါင်းတိုက်ကာ ဂိုးသွင်းနိုင်ခဲ့သော်လည်း ဘာစီလိုနာအသင်းခေါင်းဆောင်နှင့် နောက်တန်းသမား ပူးယိုအား တွန်းတိုက်ခဲ့သည်ဟု ဒိုင်လူကြီးကဆုံးဖြတ်ကာ ပြစ်ဒဏ်ပေးလိုက်၍ ဂိုးမရဘဲဖြစ်ခဲ့ရသည်။ **အင်တာနက်**

ဧပြီ ၂၆ရက်က ဘာစီလိုနာမြို့တွင်ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့၌ ဘာစီလိုနာနောက်တန်းသမား ပူးယို ဖျက်ထုတ်နေသည့်ကြားမှ အေစီမီလန် တိုက်စစ်မှူး အင်ဒရေရှက်ဗ်ချင်ကိုက ဘောလုံးကို ခေါင်းတိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ယူအီးအက်ဖ်အေအကြိုဗိုလ်လုပွဲကျင်းပ မစ်ဒယ်ဘရော့နှင့် ဆီဗီလာအနိုင်ရ

**မစ်ဒယ်ဘရော့(အင်္ဂလန်) ဧပြီ ၂၈**

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲအဖြစ် မစ်ဒယ်ဘရော့အသင်းနှင့် ရိုမေးနီးယားကလပ်အသင်းဖြစ်သော စတူအာဘူခါရက်အသင်းတို့ အင်္ဂလန် မစ်ဒရယ်ဘရော့မြို့ရှိ ရေးဗားဆိုက်ကွင်းတွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သော မစ်ဒယ်ဘရော့အသင်းသည် နှစ်ပွဲပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

## ဆီဗီလာ-ရှော်လ်ကာ ၀၄

စပိန်နိုင်ငံ ဆီဗီလာမြို့ရှိ ရာမွန်ဆန်ချက်-ဝပစ်ဇွန်အားကစားကွင်း၌ ကြာသပတေးနေ့က ကျင်းပသော ယူအီးအက်ဖ်အေအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲအဖြစ် ဆီဗီလာအသင်းနှင့် ဂျာမနီကလပ်အသင်းဖြစ်သော ရှော်လ်ကာ ၀၄ အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဆီဗီလာအသင်းက အချိန်ပိုတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်သည်။

ဧပြီ ၂၀ရက်ကကျင်းပခဲ့သည့် ပထမအကျော့တွင် ဂိုးမရှိ သရေကစားခဲ့ကြပြီး ဒုတိယအကျော့တွင်လည်း ဂိုးမရှိသရေကျနေချိန်တွင် လူစားထိုးဝင်လာသူက အမှတ်မထင်ဂိုးသွင်းလိုက်နိုင်သဖြင့်နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ဆီဗီလာအသင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းဖြစ်သည်။ **အင်တာနက်**

# ပြည်သူ့ထံမှပေးစာ

## ကြက်ဥပုပ်၊ ဘဲဥပုပ်အနံ့များ မခံနိုင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၅)လမ်းအလယ်ဘလောက်ရှိအခန်းတစ်ခန်းတွင် ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ သိုလှောင် ရောင်းဝယ်ဖောက်ကားလျက်ရှိပါသည်။

အဆိုပါလုပ်ငန်းမှ ကြက်ဥပုပ်၊ ဘဲဥပုပ်အနံ့များ၊ ကြက်ချေး၊ ဘဲချေးအနံ့ဆိုးများကို ပတ်ဝန်းကျင်နေပြည်သူများ နေ့စဉ်ရှူရှိုက်နေကြရပြီး ကြက်ဥ၊ ဘဲဥများကို လာရောက်တင်ချကြသော ကားကြီးကားငယ်များ ရပ်နားထားမှုကြောင့် လမ်းအတွင်း ယာဉ်များဝင်ထွက် သွားလာရာတွင် အခက်အခဲတွေ့ကြရပါသည်။

သို့ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

## ရေရရှိရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံ(၁၆)လမ်း၊ (၁၇)လမ်းနှင့် (၁၈)လမ်းတို့တွင် ယခင်က ဂျိုးဖြူရေ ရရှိခဲ့ရာမှ မြို့တော်စည်ပင်က ထူပါရုံ (၁၅)လမ်းမှ အဝီစိတွင်းရေဖြင့် ပြောင်းလဲပေးခဲ့ပါသည်။

ယခုအခါ အဆိုပါလမ်းအားလုံးတွင် ရေမရရှိသည်မှာ ကြာပြီဖြစ်ပါ၍ ရေရရှိရေးအတွက် သက်ဆိုင်ရာမှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ထူပါရုံသား**

## ရပ်ကွက်အတွင်းမှ ဆေးမှုတ်လုပ်ငန်းဖယ်ရှားပေးစေချင်

**စာတည်းရှင့်-**

ဒဂုံမြို့သစ်(တောင်ပိုင်း)(၁၉)ရပ်ကွက် မာလာမြိုင်(၁)လမ်းရှိ အိမ် တစ်အိမ်တွင် ရေစုပ်စက်ဆေးမှုတ်သည့် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။

ဆေးမှုတ်ချိန်တွင် စက်သံ ဆူညံနေပြီး ဆေးအနံ့များကြောင့်လည်း ပတ်ဝန်းကျင်တွင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ပါ၍ အဆိုပါ ဆေးမှုတ်လုပ်ငန်းအား အခြားသင့်တော်သော နေရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။ **ဆေးနံ့မခံနိုင်သူ**

## ကျိုက်ထိုမြို့အဝင် ဂိတ်ကြေးပိုမိုကောက်ခံနေ

**စာတည်းခင်ဗျား-**

ကျိုက်ထိုမြို့ ဝင်/ထွက် ဂိတ်တွင် ခွင့်ပြုထားသည့် ကောက်ခံနှုန်းထားမှာ ကားကြီး ကျပ်၁၀၀ ၊ ကားလတ် ၇၅ ကျပ်၊ ကားသေး ကျပ် ၅၀ ဖြစ်ပါသည်။ ယခုအခါကားကြီးတစ်စီးလျှင် ကျပ် ၃၀၀၊ ကားလတ်တစ်စီးလျှင် ကျပ်၂၀၀၊ ကားသေးတစ်စီးလျှင် ကျပ် ၁၀၀ဖြင့် ကောက်ခံနေပါ၍ သတ်မှတ်နှုန်းထားနှင့်အညီ မြို့ဝင်ဂိတ်ကြေး ကောက်ခံစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျိုက်ထိုသား**

## လမ်းမီးပုံမှန်လင်းစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း (မြောက်) ရပ်ကွက်ရှိ ရတနာသိခ်လမ်းတွင် လမ်းမီးမလာသည်မှာ တစ်လကျော်ပြီဖြစ်ပါ၍ လမ်းမီးပုံမှန်လင်းစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရတနာသိခ်လမ်းသား**

## ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## ဦးဖိုးကျားလမ်း ပြုပြင်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်ဘူတာကြီးသို့ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်များမှ လာရောက်သော ကားများသည် ဘူတာကြီးအရှေ့ဘက်ရှိ ဗိုလ်မင်းရောင်လမ်းမှတစ်ဆင့် ဦးဖိုးကျားလမ်းအတိုင်း ဝင်ရောက်ကြရပါသည်။ ယခုအခါ ဦးဖိုးကျားလမ်းမှာ ချိုင့်ခွက်များ ဖြစ်ပေါ်ပျက်စီးလျက်ရှိပါသဖြင့် အဆိုပါလမ်းအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**ယာဉ်မောင်းတစ်ဦး**

## အနိမ့်ပိုင်းရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပြီး

၂၂-၄-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မအူပင်မြို့မှ "အနိမ့်ပိုင်းရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို" ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## ပုံကျဈေးသည်များ နေရာရွှေ့ပြောင်းပေးပါ

**စာတည်းခင်ဗျား-**

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ကမာကဆစ်ဈေးရှေ့ ဗိုလ်မင်းရောင်လမ်းမကြီး ပေါ်တွင် ပုံကျဈေးသည်များသည် နေ့/ည ဈေးရောင်းချနေပါသဖြင့် မော်တော်ယာဉ်များ၊ အနေးယာဉ်များနှင့် ပြည်သူများ သွားရေးလာရေးတွင် အနှောင့်အယှက်ဖြစ်နေပါသည်။ သို့ပါ၍ အဆိုပါ ဈေးရောင်းချနေသူများအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ကမာကဆစ်သား**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသနေ ပြည်သူများ စေတနာထက်သန်စွာ လှူဒါန်း ကျေးရွာပေါင်း ၁၉၈၅ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်း

ရန်ကုန် ဧပြီ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၁၉၈၅ ခု ဖွင့်လှစ်ပြီးစီးခြင်းနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စည်ပင်သာယာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး စာအုပ်စာပေ၊ စာပေဒါန အလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ***

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၅၀ တို့ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီး အရှေ့မြောက်ဘက်သို့ ပိုမိုလျင်မြန်စွာ ရွေ့လျား

ရန်ကုန် ဧပြီ ၂၈

**ယနေ့မြန်မာစံတော်ချိန်ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ဂွမြို့၏ အနောက်တောင်ဘက် မိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းကြီးသည် အရှေ့မြောက်ဘက်သို့ ပိုမိုလျင်မြန်စွာ ရွေ့လျားနေပြီး မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသအချို့ကို စတင်ဖြတ်ကျော်လျက်ရှိကာ မုန်တိုင်း၏ ဗဟိုချက်သည် ယနေ့ညနေမှနောက် ၁၂နာရီအတွင်း ရခိုင်ပြည်နယ် တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။**

**အဆိုပါ မုန်တိုင်းကြီး၏ အရှိန်ကြောင့် တစ်ပြည်လုံးတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍ မိုးကြီးမည်။**

**မုန်တိုင်းကြီး ဗဟိုချက်၏ အနီးတစ်ဝိုက်၌ တစ်နာရီလျှင် မိုင် ၁၅၀ ခန့်အထိ အများဆုံး လေပြင်းများ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၅၀ မှ မိုင် ၆၀ ခန့်၊ တစ်ခါတစ်ရံ ၇၅ မိုင်အထိ တိုက်ခတ်မည်။**

**မုန်တိုင်းကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်စဉ် ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်ရှိ အချို့ဒေသများတွင် မုန်တိုင်းဒီရေသည် ၈ ပေမှ ၁၂ ပေခန့်အထိ တက်ရောက်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။**

(သတင်းစဉ်)

## အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းသည် ပြည်သူလူထုကို ကိုယ်စားပြုသည်ဟု ခံယူထား ညီလာခံအား ဆန့်ကျင်ထွက်ခွာခဲ့သည့်အတွက် ပါတီနှင့် သဘောထားမတိုက်ဆိုင် SNLD သည် ပြည်ပအားကိုးပြီး သောင်းကျန်းသူများနှင့်ပတ်သက်နေသည့်အတွက် SNLD ပါတီဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်

ရန်ကုန် ဧပြီ ၂၈

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ကျောက်မဲမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းဆောင်စီ(ခေါ်) ဦးနယ်လ်ဆင် [အမျိုးသားမှတ်ပုံတင် အမှတ်-၁၃/ကမန (နိုင်)၀၀၉၈၂၄]က အဆိုပါ SNLD ပါတီတွင် ဆက်လက်လုပ်ကိုင်စိတ် ကုန်ခန်းလာသဖြင့် ပါတီဝင်အဖြစ်မှ နုတ်ထွက်ကာ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ပြည်သူလူထုနှင့်အတူ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်အဖြစ်မှလည်းကောင်း၊ ဗဟိုကော်မတီဝင်အဖြစ်မှလည်းကောင်း နုတ်ထွက်ပါကြောင်း ၂၀၀၆ ခုနှစ် ဧပြီ ၆ ရက်တွင် ကျောက်မဲမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့၊ ကျောက်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(ရန်ကုန်)တို့ထံ အကြောင်းကြားစာများ ပေးပို့နုတ်ထွက်ခဲ့ကြောင်းသိရသည်။**

**နုတ်ထွက်လွှာပေးပို့**

ထို့ပြင် ဦးစိုင်းဆောင်စီ(ခေါ်) ဦးနယ်လ်ဆင်သည် ၎င်း၏ကိုယ်တိုင်ဆန္ဒသဘောထားအလျောက် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အပြီးအပိုင် နုတ်ထွက်ခွင့်ပြုပါရန် ဧပြီ ၂၇ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်(ရန်ကုန်မြို့)ထံသို့ ကိုယ်တိုင်နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့သော ဦးစိုင်းဆောင်စီ(ခေါ်)ဦးနယ်လ်ဆင်၏ နုတ်ထွက်လွှာတွင် ၎င်းသည် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၃-၉၆ ခုနှစ်တွင် အမျိုးသားညီလာခံအား ဆန့်ကျင်လျက် တက်ရောက်ခြင်းမပြုရန် ပါတီက ဆုံးဖြတ်၍ ညီလာခံအားကျောခိုင်းဆန့်ကျင်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ပါတီနှင့် သဘောထားချင်း တိုက်ဆိုင်မှုမရှိခဲ့ကြောင်း၊ ၎င်းအနေဖြင့် အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းသည် အမှန်တကယ်လိုအပ်သော အချက်များကို ကိုယ်စားပြု၍ ဆွေးနွေး၊ တင်ပြ၊ ဆုံးဖြတ်နိုင်ခြင်းဖြစ်သည်ဟု ခံယူထားပါကြောင်း၊ ထို့ကြောင့် ပါတီက အမျိုးသားညီလာခံအား ဆန့်ကျင်ကျောခိုင်းခဲ့သည်ကို ထိုစဉ်ကပင် လက်မခံနိုင်ပါဟု ဆွေးနွေးခဲ့ကြောင်း၊ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကို ဆက်လက်ထောက်ခံနေဆဲဖြစ်ကြောင်း၊ နောက်ပိုင်းကာလများ၌လည်း SNLD ၏ လုပ်ဆောင်ချက်များသည် ပြည်ပအားကိုးသည့် သဘောထားရှိလာပြီး အခြားတစ်ဖက်တွင်လည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် ပတ်သက်ဆက်စပ်မှုများ ရှိနေသည့်အသွင်ဆောင်နေသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေကာ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်နေမှုများ ရှိလာနေကြောင်း၊ ထို့အပြင် ဒေသခံပြည်သူလူထု၏အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါတီ၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှု တစ်စုံတစ်ရာမျှ မရရှိခဲ့ကြောင်း၊ အဆိုပါအကြောင်းအချက်များကြောင့် ယခုကဲ့သို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီတာဝန်အသီးသီးမှလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ (သတင်းစဉ်)